မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၀၂)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ကျေးရွာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၉

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ကျေးရွာအုပ်စု ကိုးအုပ်စုသို့ ဇန်နဝါရီ ၇ ရက်တွင် သွားရောက်၍ ဒေသခံများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထောက်ပံ့ပေးအပ်

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီက ဆိတ်ဖူးတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး သက်န်းနှင့် စားအုန်းဆီများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ကျေးရွာ ဒေသခံများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြားညှိနှိုင်းဆောင်ရွက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

အမှာစကား ပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် လက်တွဲပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြသူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ဓဓ မျိုးဆက်ကျောင်းသားလို့ဆိုသူများနဲ့ မစုတို့ နိုင်ငံရေး ပါတီတွေဟာ ဟိုအရေး၊ ဒီအရေးကို ကြည့်မနေဘဲ နိုင်ငံနှင့်လူမျိုး ချမ်းသာ ကောင်းစားရေးတစ်ခုကိုသာ ကြည့်ပြီး လုပ်ဆောင်ကြမယ်ဆိုရင် မစုတို့ ပြောပြောနေတဲ့ "အမျိုးသား ရင်ကြားစေ့ရေး" သည် "ရင်ကြားစေ့" ရုံတင်မက "အမျိုးသား ရင်ချင်းကပ်ထားပြီးသား" ဖြစ်နေပါလိမ့်မယ် မစု။

ငါးမင်းဆွေ၏ ငါးမင်းဆွေမှ ဒေါ်စုကြည့်သို့ ဆောင်းပါး (စာ ၁၀ နှင့် ၁၁)တွင် ဖတ်ရှုနိုင်ပါသည်။

ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်အကောင်အထည်ဖော် ပြည်သူများ အေးချမ်းစွာ စီးပွားဉစ္စာ ရှာဖွေလုပ်ကိုင်နိုင်ရေး ကြိုးပမ်း ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်ရပ်ကွက် လုံခြုံရေး ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်လက်တွဲပြီး ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြသူများအား တွေ့ဆုံပေးသည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အဓိကတာဝန်

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်အဖြစ် သတ်မှတ်ထားသည့်အတွက် တိုင်းအတွင်းမှီတင်းနေထိုင်ကြသည့် ပြည်သူများ အေးချမ်းစွာဖြင့် စီးပွားဉစ္စာရှာဖွေလုပ်ကိုင်နိုင်ရန် အထူးပင်အရေးကြီးကြောင်း၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဦးတည်ချက်ကို အဓိကတာဝန်အဖြစ် ခံယူပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့က တာဝန်ယူဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့အနေဖြင့် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆောင်ရွက်ပေးနေကြသည့် ကုမ္ပဏီများအပြင် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် ဝန်ထမ်းများ၊ တာဝန်ခံများနှင့် လုံခြုံရေးနှင့် ဆက်စပ်သည့်ပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပေါင်းစပ်ပေးနိုင်မည့် ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ကို ဆွေးနွေးအကောင်အထည်ဖော်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်လက်တွဲ၍ ပြည်သူများက ကိုယ့်မြို့၊ ကိုယ့်ရွာ၊ *စာမျက်နှာ ၃ ကော်လံ ၁* ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများ လက်တွဲညီညီကြိုးပမ်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူများ လက်တွဲညီညီ ပါဝင်ဆောင်ရွက်မှုကြောင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် အကြားအလပ်မရှိ ကွက်ပြည့် ဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်တို့ကို အချိတ်အဆက်မိမိ ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများနှင့်နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တစ်နိုင်ငံလုံးတွင် တစ်ပြေးညီ ဖြစ်ထွန်းလာစေရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းပါးပြီး ကျဉ်းမြောင်းပပျောက်သွားစေရန် မွန်မြတ်မြင့်မားသော ရည်မှန်းချက်ဖြင့် ကြိုးပမ်းလုပ်ဆောင်ပေးနေခြင်းဖြစ်သည်။

ယခုကဲ့သို့ ရည်မှန်းချက်ရှိရှိ စနစ်တကျဆောင်ရွက်ပေးမှုကြောင့် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်စာနာမှု၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးပွားရရှိခဲ့သည်။

ထို့အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးလုပ်ငန်းများနှင့်ယှဉ်တွဲပြီး မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ခဲ့ရာ ဒေသခံတိုင်းရင်းသားများ ပါဝင်လက်တွဲကြိုးပမ်းမှုဖြင့် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပေသည်။

သို့ဖြစ်ရာ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံးက ဆက်လက်၍ တစ်စိတ်တစ်ဝမ်းတည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုးတက်နေသည့် ဘဏ်လုပ်ငန်းစနစ်ကို အမီလိုက်နိုင်ရေး ဘဏ်ဝန်ထမ်းများအား သင်တန်းများဖွင့်လှစ်ပေးနေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်

ရန်ကုန် ဇန်နဝါရီ ၉

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေ ဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) သင်တန်းအမှတ်စဉ်(၉)ဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ၂နာရီက မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက**(အပေါ်ပုံ)** အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်ခိုင်မာသည့် စီးပွားရေးတစ်ရပ်ရရှိဖြစ်ထွန်းလာစေရန် အဓိကအထောက်အကူပြုနေသည့် ဘဏ်လုပ်ငန်းကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကမ္ဘာတစ်ဝန်းတိုးတက်ပြောင်းလဲနေသည့် ဘဏ်လုပ်ငန်းစနစ်ကြီးကို အမီလိုက်နိုင်ရန် မိမိ၏ ဘဏ်ဝန်ထမ်းများကို အရည်အသွေးရောအရည်အချင်းပါ တိုးတက်အောင် ယခုလို ဘဏ်လုပ်ငန်းသင်တန်းများ ဖွင့်လှစ်ပေးနေခြင်း ဖြစ်ကြောင်း။

အထူးဂရုပြုဆောင်ရွက်

ဘဏ်လုပ်ငန်းကဏ္ဍမှာ အရည်အချင်းမြင့်မားပြီး အရည်အသွေးပြည့်ဝသော ဘဏ်ဝန်ထမ်းများနှင့် ပါဝင်ဖွဲ့စည်းထားမှသာ ဘဏ်လုပ်ငန်းကဏ္ဍသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အထောက်အကူ ပြုနိုင်မှာဖြစ်ပြီး အသိကို သတိနှင့်ယှဉ်ပြီး ဆောင်ရွက်သွားရန် အထူးအရေးကြီးကြောင်း၊ ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိတိကျကျကျင့်သုံးလိုက်နာသွားကြမှသာ ဘဏ်လုပ်ငန်း မယိမ်းယိုင်ဘဲ တည်ငြိမ်ခိုင်မာစွာ ရပ်တည်သွားနိုင်မှာဖြစ်ပြီး ဆုံးရှုံးမှုအန္တရာယ်များမှလည်း ကင်းဝေးသွားမည်ဖြစ်၍ အထူးဂရုပြုဆောင်ရွက်သွားကြပါဟု သတိပေး ပြောကြားလိုကြောင်း။

ကိုယ်တိုင်ပါဝင်ဆွေးနွေး

ဘဏ်လုပ်ငန်းဆိုင်ရာ ဝါရင့်ပုဂ္ဂိုလ်ကြီးများက ဆွေးနွေးပွဲများကိုဦးဆောင်ကျင်းပပေးမည်ဖြစ်သည့်အတွက် သင်တန်းသားများအတွက် အင်မတန်အဖိုးတန်သည့် ပညာဗဟုသုတများ ထပ်လောင်းရရှိမည်ဖြစ်၍ ဆွေးနွေးပွဲတိုင်းမှာ ကိုယ်တိုင်ပါဝင်ဆွေးနွေးကြရန်၊ ရလာသည့်အခွင့်အလမ်းကို လက်လွှတ်မခံဘဲ ပညာယူကြရန် အထူးမှာကြားလိုကြောင်း။

ဆက်လက်အားထုတ်

ရေရှည်မှာ အဆင့်မြင့်သင်တန်းများဖွင့်လှစ်ပြီး ပညာရှင်များ ထွက်ပေါ်လာအောင် ပျိုးထောင်ပေးမည့် သင်တန်းကျောင်း ဖြစ်လာသည်အထိ ဆက်လက် အားထုတ်သွားကြပါဟု မှာကြားသည်။

ကြာမြင့်မည်

အဆိုပါသင်တန်းသို့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ အရာထမ်း သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၀-၁-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၁၀	၆။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	မိုးလေဝသသတင်း
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၃၅	၁၄။	လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်"** (အပိုင်း-၁၂)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	English Usage
	၁၉။	ဗွီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၃၄)

ပဲခူးတိုင်း ဥဿာမြို့သစ် ဗိုလ်မင်းရောင်လမ်း အမှတ်-၃၊ ၄၃၇နေ ဒေါ်တင်ယုံ၏အသက်(၉၀) ပြည့်မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပုလောမြို့နယ်အသင်း ရွှေရတုသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ပုလောမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားနှင့် ၂၀၀၆ခုနှစ် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ၃ရက် (စနေနေ့)တွင် ကမာရွတ်မြို့နယ် အမှတ်(၄) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး (ရေကြောင်းသိပ္ပံကျောင်းရှေ့၊ ရွှေစံပယ်ရိပ်မွန်နှင့် ရွှေမာလာရိပ်မွန်ကြား)ရှိ (Lion City Restaurant)တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယခုနှစ် အမှုဆောင်တာဝန် ထမ်းဆောင်လိုသူများ၊ အကြံပေးစာများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသည့်အသင်းဝင်သား၊ သမီးများသည် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း နှိုးဆော်ထားသည်။

(က-ပ)

MRTV-4ရုပ်မြင်သံကြားအစီအစဉ်

၁၀-၁-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ဘဝစာမေးပွဲ အောင်မြင်နည်းတရားတော် (အရှင်ဆေကိန္ဒ)
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	နိုင်ငံတကာအနုပညာရေးရာ
၈:၃၅	ပြည်တွင်းသတင်းအကျဉ်း
၈:၄၅	ဆောင်းရာသီ အားလပ်ရက်များ
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	Midweek Sports News
၉:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀	ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်အောင်သုံးစွဲနည်း
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	MRTV-4 စာအုပ်စင်ကဏ္ဍ (မင်းခိုက်စိုးစန်နှင့် တွေ့ဆုံခြင်း)
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	လှပဆန်းကြယ် မြန်မာ့ရွှေခြည်ထည်
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	Myanmar Video Rhythm
၁၁:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀	ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
၁၁:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅	Fashion Fever [ဒီဇိုင်နာသီတာဝင်း(DOZO)၏ ညနေခင်း ပွဲတက်ဝတ်စုံများ]
၁၂:၁၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၂:၁၅	**ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)**
၁၂:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅	သံချည်သံကွေး အတတ်ပညာ (အပိုင်း-၁)
၁:၀၀	MRTV-4 အပိတ် Logo၊

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးစာရေးဆရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကြိုဆိုဂုဏ်ပြု အလှူငွေနှင့်စာအုပ်များလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ အမျိုးသမီးစာရေးဆရာအဖွဲ့ချုပ် ၂၀၀၆ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေနှင့် စာအုပ်များ လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၁၃၂ရှိ မြန်မာနိုင်ငံအမျိုးသမီးစာရေးဆရာအဖွဲ့ချုပ်ဧည့်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးစာရေးဆရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ဌာနကြီးမှူးများ၊ အထွေထွေအတွင်းရေးမှူး၊တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အထူးဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် ဦးအောင်သန်း [ဥက္ကဋ္ဌ၊ စက်မှုဇုန်(၃) တောင်ဒဂုံ]နှင့် အဖွဲ့ဝင်များက ငွေကျပ် ရှစ်သိန်း၊ ဒေါ်မေသန်းနွယ်က ငွေကျပ်ငါးသိန်း၊ ဦးမိုးဦး(Green Hill Group)က ငွေကျပ်ငါးသိန်း၊ ရန်ကုန်မြို့ သံလွင်လမ်းနေ မောင်ဇော်မင်းသန့်-မခင်ညိုမြင်းလွင်၊ဦးအေးလွင်နှင့်အဖွဲ့(ဒဂုံဆိပ်ကမ်းစက်မှုဇုန်)၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ဦးသောင်းထိုက်မင်း (အိုလံပစ်ဟိုတယ်၊ Jewelly Luck Co., Ltd.)၊ လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီ၊ ဦးဘသက်(တွံတေး)၊ ဦးအုန်းကြွယ် (တွံတေး)တို့က ငွေကျပ်သုံးသိန်းစီ၊ ဒေါ်ခင်အုန်းမြ(ဥက္ကဋ္ဌ၊ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့)၊ ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ)၊ မြန်မာ့အားမာန်မော်တော်ကားထုတ်လုပ်ရေး၊ ဖြိုးခနအကြော်စုံလုပ်ငန်း ရွှေပြည်သာ၊ ဦးတင့်ဆွေ (ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ်)၊ Myanmar mosfly Industry Ltd. သန်လျင်မြို့နယ်မှ ဒေါ်အေးမြင့်တို့က ငွေကျပ် နှစ်သိန်းစီ၊ ဆရာကြီး ဦးစံတင်အောင်(ရွှေဘို)က ငွေကျပ် ၁၁၂၀၀၀၀ တန်ဖိုးရှိ 'အမျိုးသမီးတို့ဆီမှာ အဖိုးတန်ရတနာ' စာအုပ် ၅၀၀၊ 'မြင်စမ်းစေချင်မွေးမိခင်'စာအုပ် အုပ်ရေ၅၀၊ 'နွမ်းပေမယ့် ပန်းမကြွေ'စာအုပ် အုပ်ရေ၂၀၀၊ စားပွဲတင်ပြက္ခဒိန် ၁၀၀၊ ရွှေမင်းသား ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြတ်သူဝင်းက ငွေကျပ် ၁၈၆၀၀၀ တန်ဖိုးရှိ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၊ မြဝင်း(ဒဿန)၊ သာဦး(ရှမ်းပြည်)တို့ ရေးသားကြသည့်စာအုပ်များကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးစာရေးဆရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေးက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင် စကားပြောကြားသည်။

ယနေ့ လှူဒါန်းပွဲတွင် အလှူရှင် ၁၈ဦးတို့က ငွေကျပ် ၅၁သိန်းနှင့် ငွေကျပ် ၁၃၀၆၀၀၀တန်ဖိုးရှိ စာအုပ်များ လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုပ်သမားဆေးရုံကြီးသို့ အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြို့ အလုပ်သမားဆေးရုံကြီးသို့ အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က အဆိုပါဆေးရုံ၌ ကျင်းပရာ ရွှေမြိုင်စတိုးအုပ်ချုပ်မှုဒါရိုက်တာ ဦးကောင်း(ခ) ဦးအောင်လင်း-ဒေါ်ခင်ခင်(တွဲဖက် ဒါရိုက်တာ) မိသားစုက အလှူငွေ ကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်းပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးအောင်လင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(သတင်းစဉ်)

(၈)ကြိမ်မြောက်စွယ်တော်မြတ် ဓာတုပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ ကိန်းဝပ်စံပျော်လျက်ရှိသော ဗုဒ္ဓစွယ်တော်မြတ်အား စွယ်တော်ဖွင့်ပွဲနှင့် ဗုဒ္ဓဓာတ်တော်များပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၂၈ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် စွယ်တော်ဖွင့်လှစ်ပြီး ညနေ ၃နာရီတွင် ဗုဒ္ဓစွယ်တော်အား မြို့တွင်းသို့ လှည့်လည်အပူဇော်ခံ ကြွရောက်ပြီး ဖေဖော်ဝါရီ ၁ ရက် နံနက် ၈နာရီတွင် သစ်သီး၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဗုဒ္ဓစွယ်တော်အား ဆုတောင်းပွဲ အခမ်းအနား ကျင်းပမည်ဖြစ်ပြီး ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်ချ အမျှပေးဝေမည်ဖြစ်သည်။

(က-ပ)

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း သက်ကြီးဝါကြီး ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ နဝမအကြိမ်မြောက် သက်ကြီးဝါကြီး စာကြည့်တိုက်ပညာရှင်ကြီးများအား ပူဇော်ပွဲကို ဇန်နဝါရီ ၁၃ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် တက္ကသိုလ်များဓမ္မာရုံကြီး၌ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားအားလုံး တက်ရောက်ကြပါရန်နှင့်အလှူငွေများကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာန ပါမောက္ခ ဦးသိန်းရွှေ ဖုန်း-၅၃၄၇၇၂ သို့ ဆက်သွယ်ပေးပို့ လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ရွှေတောင်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၉

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း သိမ်ကြီးဈေးစီရုံ ဒုတိယထပ် Gano Excelအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ရွှေတောင်မြို့နယ်သူမြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများကို ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်ရာ ဦးအောင်မြင့် ဖုန်း-၃၈၄၁၉၀၊ဦးရဲလှမြတ် ဖုန်း -၀၉-၅၀၁၆၃၈၆နှင့် ဦးရဲမြင့် ဖုန်း-၀၉-၅၁၃၀၂၄၅ တို့သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းကြရန်ဖြစ်ကြောင်း သိရသည်။

(က-ပ)

✡ ရှေ့ဖုံးမှ

ကိုယ့်ရပ်ကွက်အတွက် လုံခြုံရေး ဝိုင်းဝန်းဆောင်ရွက်ပေးနေ၍ အထူးဝမ်းမြောက် ဂုဏ်ယူမိကြောင်းနှင့် "လူတိုင်းတံခါးဖွင့်အိပ်နိုင်မည့်အဆင့်သို့ရောက်ရှိလာမည်ကို" ယုံကြည်မိပါကြောင်း အမှာစကားပြောကြားသည်။

အားပေးကြည့်ရှု

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် အစည်းအဝေးခန်းမ၌ ပြသထားသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့်လက်တွဲ၍ ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများကို အားပေးကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာန ၁၉၇၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အတွင်း ဘူမိဗေဒတွဲ့ရ ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၇ ရက်က ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံကြီး၌ ကျင်းပရာ ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၁-၂၀၀၇ ရက် (ဗုဒ္ဓဟူးနေ့)
(၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ ရခိုင်ချောင်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
၁၇:၂၅ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** (လူကူးမျဉ်းကျားမှကူးမယ်)
၁၇:၃၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၄၀ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၃။ Guinness Worild Records
၁၉:၁၀ ၁၄။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၂၀ ၁၅။ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာအထက်တန်းအဆင့်)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာရုပ်ရှင် **"ဆောင်းတစ်ညဝယ်" ဝင်းဦး၊ ဝါဝါဝင်းရွှေ (ဒါရိုက်တာ-ဗိုလ်ကလေးတင့်အောင်)**
၂၀။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘဝနာပွားများခြင်းတရားတော်

ရန်ကုန်မြို့အမှတ် (၁၀၉၇) သုမင်္ဂလာလမ်း ၄-ရပ်ကွက် မြောက်ဥက္ကလာပနေ ဦးခနှင့်မြေးဖြစ်သူ (ဒေါက်တာထွန်းဝင်း)-ဒေါ်လီလီရွှေ မိသားစုတို့က နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ တည်ဆောက်လျက်ရှိသော ဘိုးဘွား သုံးထပ်ဆောင်သစ်ကြီးအတွက် အသုံးပြုရန် ငွေကျပ်သိန်း၂၀ တန်ဖိုးရှိသော ကျွန်းသစ်များကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကလေးများအတွက်ဝိုင်းဝန်းလို့ ဝက်သက်ရောဂါတိုက်ဖျက်စို့

"ဝက်သက်ရောဂါကာကွယ်နှိမ်နင်းရေးစုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းစီမံချက်(၂၀၀၇)"

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၂၇ရက်နေ့ (ပထမအကြိမ်)
(ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်း)
၂၀၀၇ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၃၀ရက်နေ့ (ဒုတိယအကြိမ်)
(ပြည်နယ်အားလုံး၊ တနင်္သာရီတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း)
၂၀၀၇ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှ ၂၇) ရက်နေ့ (တတိယအကြိမ်)
(ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်း)
အသက်(၉)လမှ(၅)နှစ်အောက်ကလေးငယ်များအားလုံး ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံပေးကြစို့

ဆီးနှင်းထူထပ်စွာကျ

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းတွင် ဆီးနှင်းများ ထူထပ်စွာကျနေသည်ကို ဇန်နဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရားခံများလွှဲပြောင်းအပ်နှံရေး တရုတ်-ပြင်သစ်နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးမည်

ပေကျင်း ဇန်နဝါရီ ၉

တရုတ်နှင့်ပြင်သစ် နှစ်နိုင်ငံတို့သည် တရားခံလွှဲပြောင်းအပ်နှံရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်နေကြပြီ ဖြစ်ကြောင်း ပြင်သစ်နိုင်ငံ တရားရေးဝန်ကြီး ပါစကယ်ကလီမင့်က ပေကျင်းမြို့တွင် ဇန်နဝါရီ၅ရက်က ပြောကြားလိုက်သည်။

နှစ်နိုင်ငံအနေဖြင့်တရားခံလွှဲပြောင်း အပ်နှံရေးနှင့် ပတ်သက်၍ သဘောတူမှု ရရှိခဲ့ပြီဖြစ်ကြောင်း၊ သို့သော်လည်း သဘောတူစာချုပ် တရားဝင်လက်မှတ်ရေးထိုးရေးအတွက် အချိန်မသတ်မှတ်ရသေးကြောင်း၊ မကြာမီကာလအတွင်း ဖြစ်လာမည်ဖြစ်ကြောင်း ကလီမင့်က ပြောကြားသည်။

အလည်အပတ်ခရီး

ပြင်သစ်တရားရေးဝန်ကြီး ကလီမင့်သည် တရုတ်နိုင်ငံ တရားရေးဝန်ကြီး ဌာနမှ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၄ရက်မှ ဇန်နဝါရီ ၇ရက်အထိ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိနေခြင်းဖြစ်သည်။

တွေ့ဆုံ

မစ္စတာကလီမင့်သည် တရုတ်နိုင်ငံတွင် ရှိနေစဉ်အတွင်း တရုတ်နိုင်ငံတော်ကောင်စီဝင် ကျူယောင်ကင်၊ တရုတ်နိုင်ငံတရားရေးဝန်ကြီး ဝူအီ ယင်းအပြင် အခြား ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် တရုတ် နိုင်ငံတော်ကောင်စီဝင် ကျူယောင်ကင်က နှစ်နိုင်ငံ တရားခံလွှဲပြောင်းပေးအပ်ရေးဆိုင်ရာ သဘောတူညီမှုကို အတတ်နိုင်ဆုံး စောစီးစွာ လက်မှတ်ရေးထိုးနိုင်ရန် တိုက်တွန်းခဲ့သည်။

ဆွေးနွေး

ထို့အပြင် တရုတ်နှင့်ပြင်သစ် နှစ်နိုင်ငံတို့အနေဖြင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ၏ အရန်နိုင်ငံခြားငွေကြေး အမေရိကန်ဒေါ်လာ ၂၃ဘီလီယံအထိရှိလာ

မနီလာ ဇန်နဝါရီ ၉

ဖိလစ်ပိုင်နိုင်ငံ၏ အရန်နိုင်ငံခြားငွေကြေးသည် ၂၀၀၆ခုနှစ် ကုန်ဆုံးချိန် အမေရိကန်ဒေါ်လာ ၂၃ဘီလီယံအထိရှိလာကြောင်း ဖိလစ်ပိုင် ဗဟိုဘဏ်၏ ထုတ်ပြန်ကြေညာချက်များအရ နေ့စဉ်သတင်းစာက ဇန်နဝါရီ ၆ရက်၌ ရေးသားဖော်ပြသည်။

အဆိုပါငွေကြေးသည် ၂၀၀၅ခုနှစ်ကထက် အမေရိကန်ဒေါ်လာ ၄ဒသမ ၅ဘီလီယံပိုခဲ့သည်။ သို့မဟုတ် ၂၄ရာခိုင်နှုန်း မြင့်တက်ခဲ့သည်ဟု ဖိလစ်ပိုင် ဗဟိုဘဏ်၏ ထုတ်ပြန်သော အစီရင်ခံစာကို အခြေခံလျက် ဖိလစ်ပိုင်နေ့စဉ်သတင်းစာ အင်ကွာယာက ရေးသားဖော်ပြသည်။

အရန်နိုင်ငံခြားငွေကြေး မြင့်တက်လာမှုသည် ပင်လယ်ရပ်ခြား အလုပ်အကိုင် သွားရောက်လုပ်ကိုင်ကြသော အလုပ်သမားများ၏ ဝင်ငွေတင်ပို့နိုင်မှုမှာ တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်သည်ဟုဆိုသည်။ ထိုသို့ အရန်နိုင်ငံခြားငွေကြေးများပြားလာမှုကြောင့် ဖိလစ်ပိုင် ပီဆို ငွေကြေးသည်လည်း တန်ဖိုးတက်လာရာ ၂၀၀၅ ခုနှစ်ကုန်ဆုံးချိန်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၅၃ဒသမ၀၉ပီဆိုရှိရာမှ ၂၀၀၆ခုနှစ်ကုန်ဆုံးချိန်တွင်၄၉ ဒသမ ၀၃ပီဆို ရှိလာကာ ၇ဒသမ ၆ ရာခိုင်နှုန်း တန်ဖိုးတက်လာခဲ့သည်ဟု ဆိုထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ် ဒေါ်လာ ၃၅ဘီလီယံအထိ ရှိလာမည်

နယူးဒေလီ ဇန်နဝါရီ ၉

အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးဘတ်ဂျက်အသုံးစရိတ်သည် လာမည့်ဆယ်စုနှစ် နှစ်ခုတာကာလအတွင်း အမေရိကန်ဒေါ်လာ ၃၅ဘီလီယံအထိ ရောက်ရှိလာမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး အေကေအင်တိုနီက ဇန်နဝါရီ ၇ရက်၌ ပြောကြားလိုက်သည်။

ထိုသို့ ကာကွယ်ရေးအသုံးစရိတ်မှာ အိန္ဒိယနိုင်ငံ ဂျီဒီပီ၏ ၂ဒသမ၅ ရာခိုင်နှုန်းရှိကြောင်း အေကေအင်တိုနီက ဆက်လက်ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် လောလောဆယ်၌ ကာကွယ်ရေးဘတ်ဂျက်အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၈ဘီလီယံကျော်ရှိနေသည်။ အိန္ဒိယနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်မှာ ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ်များသော ၁၀ နိုင်ငံအတွင်းရှိနေသည်။

အိန္ဒိယနိုင်ငံတွင် ၂၀၀၁ခုနှစ်မှ စတင်က ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ရန် ပုဂ္ဂလိက လုပ်ငန်းများအား ခွင့်ပြုပေးခဲ့သလို ပြည်ပမှရင်းနှီးမြှုပ်နှံသူများအား ခွင့်ပြုပေးခဲ့သဖြင့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု ၂၆ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

အမ်အင်န်အေ၊ပီတီအိုင်

ရေကြီး၊ မြေပြိုမှုများကို ကာကွယ်နိုင်ရန် အင်ဒိုနီးရှား၌ သစ်ပင်များပို၍စိုက်ပျိုးမည်

ဂျကာတာ ဇန်နဝါရီ ၉

အင်ဒိုနီးရှားနိုင်ငံသည် မကြာသေးမီက ရေကြီး၊ မြေပြိုမှုများဖြစ်ပွားခဲ့မှုများကြောင့် လူ့အသက်ပေါင်းများစွာသေဆုံးခဲ့ရသဖြင့် သစ်တောထိန်းသိမ်းရေးကို ပိုမိုအရှိန်မြှင့်ဆောင်ရွက်သွားရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေကြောင်း ဒုတိယသမ္မတယူဆွပ်ကာလာက ဂျကာတာ၌ ဇန်နဝါရီ ၅ရက်က ပြောကြားလိုက်သည်။

ပျက်စီး

အင်ဒိုနီးရှားအစိုးရက မကြာသေးမီက ရေကြီး၊ မြေပြိုမှုဖြစ်ပွားခဲ့ရခြင်းတွင် သစ်တောများ ပြုန်းတီးပျက်စီးနေခြင်းကို အပြစ်ဆိုထားသည်။ တရားမဝင်သစ်ခုတ်ခြင်းနှင့် စိုက်ပျိုးမြေများတိုးချဲ့လာခြင်းတို့ကြောင့် သစ်တောများ ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

သစ်တောမရှိသည့် ဒေသများတွင် စီးပွားရေးအရ လယ်ယာစိုက်ပျိုးမှုများ လျှော့ချပစ်ပြီး သစ်တောသစ်ပင်များကို နှစ်ဆတိုးချဲ့ စိုက်ပျိုးခြင်းဖြင့် အမြန်ဆုံး အကောင်အထည်ဖော်သွားရန် မဟာဗျူဟာတစ်ရပ် ချမှတ်ထားပြီဖြစ်ကြောင်း အဆိုပါ ဒုတိယသမ္မတက ပြောကြားသည်။

သစ်ပင်ကို တတ်နိုင်ရင် များများစိုက်ရမယ်၊ ဒီနှစ်ထဲမှာ သစ်ပင်နှစ်သန်းစိုက်ပြီး တစ်သန်းသာခုတ်ရမယ်ဟူ၍ ၎င်းက သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။ လက်ရှိခုတ်ယူတဲ့ အရေအတွက်ဟာ စိုက်တာထက် ပိုများနေတယ်ဟူ၍လည်း ၎င်းကဆိုသည်။

သေဆုံး

၂၀၀၆ခုနှစ် ဒီဇင်ဘာလက ဆူမတြားမြောက်ပိုင်းနှင့် အာချေးပြည်နယ်များတွင် ရေကြီး၊ မြေပြိုခဲ့မှုကြောင့် လူ ၂၀၀ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူး ခြားခြား

ရေအောက်ကပွဲ

ရေအောက်တွင် လိပ်များနှင့်အတူ ယှဉ်တွဲ ကနေသူတစ်ဦးကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ဖူကျင်းပြည်နယ် ဖူကျိုးမြို့တွင် ရှိသော ရေအောက်ပြတိုက်အတွင်း လိပ်များနှင့်အတူ ညှော့သည်များက အတူယှဉ်တွဲကာ ကပွဲတစ်ခုပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

နှစ်ပေါင်း သုံးထောင်ခန့်က မြေအိုးများ

လွန်ခဲ့သောနှစ်ပေါင်း သုံးထောင်ခန့်က မြေအိုးများကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ မြေအိုးများကို တရုတ်နိုင်ငံ ဂန်ဆုမြို့ရှိ ရှေးဟောင်းပစ္စည်းပြတိုက်တွင် ပြသထားခြင်းဖြစ်ပြီး ရှေးခေတ်တရုတ်လူမျိုးတို့ ပြုလုပ်ခဲ့သည့် လက်ရာမြောက် မြေအိုးများဖြစ်ရာ သုတေသနပညာရှင်များက လွန်ခဲ့သော နှစ်ပေါင်း သုံးထောင်ခန့်က ပစ္စည်းများဖြစ်သည်ဟုခန့်မှန်းထားသည်။

(အင်တာနက်)

မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းများ အောင်မြင်စေရေး ဘဏ်ခွဲအဆောက်အအုံသစ်များ ဖွင့်လှစ်ပေးလျက်ရှိ ဒေသစီးပွားဖွံ့ဖြိုးရေး အထောက်အကူဖြစ်လာမည်

နေပြည်တော် ဇန်နဝါရီ ၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ အဆိုပါဘဏ်အဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတို့ တက်ရောက်အားပေးကြပြီး ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း၊အမှုထမ်းများ တက်ရောက်ကြသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြတို့က ဘဏ်ခွဲအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မန္တလေးမြို့ ဘဏ်ခွဲ(၂) အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်ဧည့်သည်တော်များသည် ဘဏ်အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ အခမ်းအနားအစီအစဉ်ကိုကျင်းပရာ အစီအစဉ်အရ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း**(အောက်ပုံ)**က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို တာဝန်ယူဆောင်ရွက်နေကြသည့် မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းအောင်မြင်စေရန်အတွက် နိုင်ငံတော်က ဦးစားပေးအလိုက် မြန်မာ့စီးပွားရေး ဘဏ်ခွဲအဆောက်အအုံသစ်များကို ဖွင့်လှစ်ပေးလျက်ရှိရာ ငွေကြေးလည်ပတ်မှု ချောမွေ့လာသည်နှင့်အမျှ ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်လာမည် ဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများအနေနှင့်လည်း ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် စေတနာထား ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဘဏ်အဆောက်အအုံသစ်အား ရေရှည်တည်တံ့ခိုင်မြဲရေး၊ အစဉ်သန့်ရှင်းသပ်ရပ်စေရေးတို့အတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများလက်တွဲပြီး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း အကျယ်တဝင့်ပြောကြားပြီး ဘဏ်ခွဲ(၂)အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းရင်းဆေးပညာ ဘွဲ့လွန်ဘာသာ ဉာဏ်သစ်လောင်း အခြေခံအပ်စိုက်ကုပညာ သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးသိပ္ပံ(မန္တလေး)က ကြီးမှူး၍ တိုင်းရင်းဆေးပညာ ဉာဏ်သစ်လောင်း အခြေခံအပ်စိုက်ကု ပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ရက် မွန်းလွဲ ၂နာရီက တိုင်းရင်းဆေးသိပ္ပံ ဧကရာဇ်ခန်းမ၌ ကျင်းပရာ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်နှင့် ကထိကဌာနမှူးများ၊ တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီး၊ တိုင်းရင်းဆေးရုံအုပ်ကြီး၊မန္တလေး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး၊ တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံမှူး၊ နည်းပြအရာရှိများ၊ အကြီးတန်းနည်းပြများ၊ နည်းပြများ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများနှင့် တိုင်းရင်းဆေးသိပ္ပံ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်ဒေါက်တာ လွင်ကိုက သင်တန်းဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးအောင်ထပ်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အောက်ဝဲပုံ)**

အဆိုပါ သင်တန်းသို့ တိုင်းရင်းဆေးတက္ကသိုလ်မှ သင်တန်းသား တစ်ဦး၊ တိုင်းရင်းဆေးသိပ္ပံမှ သင်တန်းသားတစ်ဦး၊ တိုင်းရင်းဆေးရုံကြီးမှ သင်တန်းသား နှစ်ဦးနှင့် မန္တလေး တိုင်းရင်းဆေးပညာ ဦးစီးဌာန လက်အောက်ရှိ တိုင်းရင်းဆေးကု ဌာနများမှ သင်တန်းသား သင်တန်းသူငါးဦး စုစုပေါင်း ကိုးဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဟိုပင်နေ ဒေါ်ကြည်၊ဒေါ်သိန်းကြည်၊ ဒေါ်ခင်ပြုံးကြည်၊ မပြုံးမေနှင့် မအီတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာ ရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ဦးချစ်အောင် - ဒေါ်မြကြွယ် မိသားစု အမှတ် (၁၇၄) ၃၁လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်းက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အင်းစိန်မြို့နယ် အမက(၁၆) ပညာရေးစုံညီပွဲတော်နှင့် စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် အမက(၁၆) ကျောင်းခန်းမဆောင်တွင် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပညာရေးစုံညီပွဲတော်နှင့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ ကျောင်းအုပ်ဆရာကြီး ဦးကြည်ညွှန့်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇင်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက် ကျောင်းအုပ် ဆရာကြီး ဦးကြည်ညွှန့်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်အကြောင်း သိကောင်းစရာ အချက်အလက်များကို ပြောကြားသည်။

လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းကြပြီး ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ချောက အလှူငွေကျပ် ၇၀၀၀၀နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က ငွေကျပ် ၅၀၀၀ တို့ကို လှူဒါန်းခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ဥက္ကလာပမြို့နယ် အမှတ် ၁၀ ရပ်ကွက် ဇေယျာ ၁၅ လမ်း ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးဝဏ္ဏတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(က-ပ)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ မြစ်ကြီးနား၊ မြိတ်နှင့် စစ်တွေမြို့တို့၌ အသီးသီးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဇန်နဝါရီလ ၄ ရက် နံနက် ၄နာရီ မိနစ် ၂၀ က မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက် ၇နာရီတွင် မြစ်ကြီးနားမြို့ အားကစားကွင်း၌ ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

မြိတ်မြို့

အလားတူ တနင်္သာရီတိုင်း မြိတ်မြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီလ ၄ရက် နံနက် ၄နာရီ မိနစ် ၂၀ က ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ကျင်းပပြီး (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို နံနက် ၇နာရီခွဲတွင် ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သည့် ၂၀၀၇ ခုနှစ် (၅၉)မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စစ်တွေမြို့

ထို့အတူ ရခိုင်ပြည်နယ် စစ်တွေမြို့ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကိုဇန်နဝါရီလ၄ရက်နံနက် ၈နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တက်ရောက်လာကြသူများသည်နိုင်ငံတော်အလံအား စစ်ရေးပြအစီအစဉ်အတိုင်း အလေးပြုကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံမှပေးပို့သော ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကိုဖတ်ကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ရန်ကုန်တောင်ပိုင်းခရိုင်နှင့် သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဦးဆောင်မှုဖြင့် စေတီတော်မြတ် ဂေါပကအဖွဲ့က ကြီးမှူး၍ ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီးပူဇော်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ထမနဲထိုးပွဲများအပြင် ဇာတ်သဘင်၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှအလှူရှင်များ ကြွရောက်ကြည်ညို ပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မန္တလေးဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ၂၈လမ်းအထက်၊ အမှတ် ၁၇၁/၁၈၁ အခန်း ၃၃နေ ဦးလှကျော်အား ရည်စူး၍ ဒေါ်ဝင်းခင်မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းလှူဒါန်းရာ ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယကဆရာတော် အရှင်ဂန္ဓသာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

မင်းဘူးခရိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ (၅၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ ငဖဲ၊ စေတုတ္တရာမြို့နယ်များမှ အသင်းဝင်ပြီးသူများနှင့် အသင်းမဝင်ရသေးသူ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အသက် ၇၅ နှစ်ပြည့်ပြီးသော အသင်းဝင် သက်ကြီးပုဂ္ဂိုလ်များအား ပူဇော်ကန်တော့၍ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏ သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်ရာ အသက် ၇၅ နှစ် ပြည့်သူ သက်ကြီးပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ကျောင်းသူ ကျောင်းသားများ၊ အလှူငွေထည့်ဝင်လိုသူများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ(ဆောက်/လျှပ်) ဖုန်း-၇၀၄၇၉၆၊ အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ (ရေ-ငြိမ်း) ဖုန်း-၅၇၇၇၄၃ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ခရိုင်ချင်းဆက် လမ်းဖောက်လုပ်မှု ညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးကျော်စိုးတို့က လမ်းနှင့် တံတားတည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ **(ဝဲပုံ)**

မှာကြား

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် သစ်သားတံတားတည်ဆောက်ပြီးစီးမှုနှင့် စပါးရင်းတွင်းတံတား ပိုင်တိုင် ရိုက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် စပါးရင်းတွင်းတံတားမှ မိုင်တိုင်(၄၄/၀)အနီး ကျောက်ချောလမ်းခင်းနေမှုနှင့်ဘွက်ကြီးဆည်အနီး မိုင်တိုင်အမှတ်(၅၉/၀)အနီး ကျောက်ချောလမ်း ခင်းနေမှုများကို စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဖောက်လုပ်ပြီးစီး

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ခရိုင်ချင်းဆက် လမ်းအမှတ်(၁)သည် မကွေးတိုင်း အိုင်မနက်ချောင်းမှ စတင်၍ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီးမြို့များကို ဖြတ်သန်းကာ အောင်လံမြို့နယ် ဗျန်ဒီကျေးရွာအထိ ၇၅ မိုင် သုံးဖာလုံဖြစ်ရာ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ မြေသားလမ်း ၆၆ မိုင် တစ်ဖာလုံနှင့် ကျောက်ချောလမ်း ၅၆ မိုင် သုံးဖာလုံ ဖောက်လုပ်ပြီးစီးပြီး ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၁၇ မိုင် လေးဖာလုံနှင့် ကျန်ရှိသော ကျောက်ချောလမ်း ၁၈ မိုင် လေးဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

လူတို့အနေဖြင့် လက်ဖက်ရည်ကြမ်းရိုးရိုးသာ သောက်သုံးသင့်

လက်ဖက်ရည်ကြမ်းသောက်ခြင်းသည် နှလုံးရောဂါကဲ့သို့သောရောဂါများဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်သော်လည်း နို့ရောစပ်သောက်သုံးပါက ကျန်းမာရေးအကျိုးအာနိသင်များကို အဟန့်အတားဖြစ်စေနိုင်ကြောင်း ဂျာမန်သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

လက်ဖက်ရည်ကြမ်းသောက်ခြင်းသည် စိတ်လန်းဆန်းမှုကိုဖြစ်စေပြီး သွေးပေါင်တက်ခြင်းကိုလည်း ထိန်းနိုင်ကြောင်း၊ ထို့အပြင် အခြားကျန်းမာရေးအကျိုးကျေးဇူးများလည်း ရရှိစေနိုင်ကြောင်း ဂျာမန်သုတေသနပညာရှင်များအဖွဲ့က ပြောကြားသည်။

သို့သော်လည်း နို့ထည့်ပြီးသောက်သုံးခြင်းသည် အဆိုပါကျန်းမာရေးအကျိုးကျေးဇူးများကို အဟန့်အတားဖြစ်စေကြောင်း၊ နို့တွင်ပါဝင်သော အချို့ပရိုတိန်းဓာတ်များက သွေးကြောလေကြောပွင့်မှုကို အဟန့်အတားဖြစ်စေကြောင်း ၎င်းတို့က ပြောကြားသည်။

ဂျာမနီမှ သုတေသနပညာရှင်များက လက်ဖက်ရည်ကြမ်းရိုးရိုးသောက်သူ၁၆ ဦးတို့အား စနစ်တကျသုတေသနပြုခဲ့ရာ နှလုံးနှင့် သွေးတိုးရောဂါများသာမက ၎င်းတို့၏ ကြွက်သားတစ်သျှူးများ သန်မာစေမှု အပေါ်တွင် ကောင်းသော အကျိုးသက်ရောက်မှုများဖြစ်စေသည်ကို တွေ့ရှိရ သည်ဟုဆိုသည်။

နို့သည် လက်ဖက်ရည်ကြမ်းတွင်ပါဝင်သော ဓာတ်များကို ပျက်စီးစေကြောင်း ဂျာမန်သုတေသနပညာရှင် ဒေါက်တာဗီရီနာစတန်ဂယ်က ပြောကြားသည်။ **(အင်တာနက်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

ဇန်နဝါရီ ၈ရက်က ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ပညာရေး စုံညီပွဲတော် အခမ်းအနားကို ကျောင်းခန်းမတွင် ကျင်းပရာ ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေး ရက်သတ္တပတ် အထိမ်းအမှတ် ကဗျာရွတ်ဆို ပြိုင်ပွဲ(ရန် ကုန် တိုင်း)တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။ (က-ပ)

အက်ဖ်အေဖလား စတုတ္ထအကျော့ ဇန်နဝါရီ ၂၆ရက်၌ စတင်ယှဉ်ပြိုင် ကစားမည်

လန်ဒန် ဇန်နဝါရီ ၉

အက်ဖ်အေဖလား စတုတ္ထအကျော့ ပွဲစဉ်များကို ဇန်နဝါရီ ၂၆ရက်၊ ၂၇ရက်နှင့် ၂၈ရက်တို့တွင် ယှဉ်ပြိုင် ကစားကြမည်ဖြစ်ရာ နော့တင်ဟမ်ဖောရက်စ်အသင်းသည် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အားသာချက်

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် အိမ်ကွင်း၌ ကစားရမည်ဖြစ်၍ ယခုနှစ်အတွက် အက်ဖ်အေဖလား မျှော်လင့်ချက် ပို၍အားသာချက် ရှိနေသည်။

လက်ခံကစားရမည်

ထိုအတောအတွင်း အာဆင်နယ် အသင်းသည် ဘော်လ်တန်အသင်းနှင့် ကစားရမည်ဖြစ်ပြီး မန်ချက်စတာ ယူနိုက်တက်အသင်းသည် ပို့စ်မောက်အသင်းကို လက်ခံကစားရမည် ဖြစ်သည်။

သွားရောက်ကစားရမည်

ဝက်ဖို့ဒ်အသင်းသည် ဝက်ဟမ်းအိမ်ကွင်းသို့ ဧည့်သည်အဖြစ် သွားရောက်ကစားရမည် ဖြစ်သည်။ ရှက်ဖီးအသင်းကို အနိုင်ရလိုက်သော ဆဝမ်ဆီးအသင်းသည် ချက်စတာစီးတီး၊ သို့မဟုတ် အစ်ဆွစ်တောင်းအသင်းကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ
မြင့်မောင်စိုး

အက်ဖ်အေဖလား။



ကမ္ဘာတစ်လွှား အားကစား

မန်ယူရောက် တိုက်စစ်မှူး လာဆင်အား မိခင်အသင်းက မန်ယူ၌ ရာသီကုန်အထိ ကစားခွင့်ပြု

လန်ဒန် ဇန်နဝါရီ ၉

မန်ချက်စတာယူနိုက်တက်အသင်းမှ အငှားခေါ်ယူထားသော ဟင်းရစ်လာဆင်အား ၎င်း၏မိခင် ဆွီဒင်ကလပ်က ရာသီကုန်ဆုံးသည့်တိုင်အောင် အိုးထရက်ဖို့ဒ်၌ နေလိုက နေနိုင်ကြောင်း ပြောကြားခဲ့သည်ကို ဇန်နဝါရီ ၈ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

အသက်(၃၅)နှစ်ရှိ လာဆင်အား မန်ယူက ယခုလတွင် ဟယ်စင်ဘော့အသင်းမှ သုံးလအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ရာ ပွဲဦးထွက်ပြိုင်ပွဲအဖြစ် အက်စ်တွန်ဗီလာအသင်းနှင့် အက်ဖ်အေဖလား ယှဉ်ပြိုင်ကစားရာ၌ မန်ယူအတွက် တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဆက်ကစားလို

သို့သော်လည်း ဟယ်စင်ဘော့အသင်းဥက္ကဋ္ဌ စတန်အင်ဂျေဖရီဒင်က လာဆင်အား မန်ယူတွင် ဆက်လက်ကစားလိုက ကစားနိုင်ကြောင်း ခွင့်ပြုခဲ့သည်။

ဆွေးနွေးသင့်

ဆဲလ်တစ်နှင့် ဘာစီလိုနာ တိုက်စစ်မှူးဟောင်း လာဆင်အား မန်ယူ၌ ဆက်လက် ကစားသွားနိုင်ရန် စောစီးစွာ ဆွေးနွေးသင့်ကြောင်း ဟယ်စင်ဘော့နည်းပြ စတုအတ်ဘက်တာကလည်း ထောက်ခံပြောကြားသည်။ **(အင်တာနက်)**



မန်ယူရောက် တိုက်စစ်မှူး လာဆင်။
(ဓာတ်ပုံ–အင်တာနက်)

ဝက်စ်ဟမ်း အသင်းသို့ ပြောင်းမည့် နီဂယ်ကာရှင်း။
(ဓာတ်ပုံ–အင်တာနက်)



နီဂယ်ကာရှင်းအား ဝက်စ်ဟမ်းအသင်းခေါ်ယူ

လန်ဒန် ဇန်နဝါရီ ၉

ဝက်စ်ဘရွန်း ကွင်းလယ်ကစားသမား နီဂယ်ကာရှင်းအား ဝက်စ်ဟမ်းအသင်းက ပေါင်ငွေ ၁ ဒသမ ၅သန်းဖြင့်ခေါ်ယူမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းကလပ်က သတင်းထုတ်ပြန်သည်။

ခေါ်ယူမည်

ဝက်စ်ဟမ်းအသင်းနေဖြင့် ကနဦးက ပေါင်ငွေ ၂၅၀၀၀၀ ဖြင့် ကမ်းလှမ်းခဲ့သည်ဆိုသော်လည်း ယခုအခါ ပေါင်တစ်သန်းခွဲဖြင့် ခေါ်ယူမည်ဖြစ်သည်။ အသက်(၂၈)နှစ်အရွယ်ရှိစကော့တလန်ကွင်းလယ်ကစားသမားလည်း ဖြစ်သည့် နီဂယ်ကာရှင်းအား ဝက်စ်ဟမ်းအသင်းက သုံးနှစ်ခွဲ စာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး အပြီးသတ်လက်မှတ်ရေးထိုးရန်အမြန်ဆုံးစီစဉ်လျက်ရှိသည်။ ဝက်စ်ဟမ်း အသင်းသည် လာမည့် ဇန်နဝါရီ ၁၃ရက်၌ ဖူလ်ဟမ်အသင်းနှင့်ကစားမည့် ပရီမီယာလိဂ်ပွဲတွင် နီဂယ်ကာရှင်းအား ပါဝင်ကစားစေလိုလျက်ရှိသည်။ နီဂယ်ကာရှင်းသည် ဘောလုံးဖြန့်ဝေပေးမှုကောင်းမွန်သူ တစ်ဦးဖြစ်ပြီး မိမိအနေဖြင့် လိုချင်နေသော ကစားသမားတစ်ဦးလည်းဖြစ်ကြောင်း ဝက်စ်ဟမ်းနည်းပြ တိုနီမောဘရေးက ပြောကြားသည်။ နီဂယ်ကာရှင်းသည် ၂၀၀၆ခုနှစ်က ဆောက်သမ်ပတန်အသင်းမှ ဝက်စ်ဘရွန်းသို့ ၁ဒသမ၂သန်းဖြင့် ပြောင်းရွှေ့လာသူ တစ်ဦးဖြစ်ပြီး ဝက်စ်ဘရွန်းအတွက် ပွဲ၃၀ကစားပေးခဲ့ပြီး တစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ **(အင်တာနက်)**

ကွင်းလယ်ကစားသမားပေါလ်စခိုးလ် အကောင်းဆုံးဘောလုံးသမားဆုရနိုင်ဟုဆို

မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးလ်။
(ဓာတ်ပုံ–အင်တာနက်)

လန်ဒန် ဇန်နဝါရီ ၉

မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးလ်သည် အကောင်းဆုံး ဘောလုံးသမားဆု ရရှိနိုင်ကြောင်း မန်နေဂျာ ဆာအလက်ဇ်ဖာဂူဆန်က ဇန်နဝါရီ ၈ရက်က ပြောကြားခဲ့သည်ကို အင်တာနက်တွင် သတင်းဖော်ပြသည်။

ချီးကျူး

အသက် (၃၂)နှစ်ရှိပြီဖြစ်သော ပေါလ်စခိုးလ်သည် ပြီးခဲ့သော ရာသီက ခြေစွမ်းပျောက်နေသော်လည်း ယခုလက်ရှိ အခြေ အနေတွင် ထိပ်တန်းဘောလုံးသမားအဖြစ် ခြေပေါ်အောင် အစွမ်းပြနိုင်ခဲ့ကြောင်း ဖာဂူဆန်က ချီးကျူးပြောကြားသည်။

၎င်းသည် ယခုနှစ်ရာသီတွင် မန်ယူအတွက် ငါးဂိုး သွင်းယူပေးထားပြီးအကောင်းဆုံးကစားနိုင်ခဲ့ကြောင်းလည်း ဖာဂူဆန်က ပြောကြားသည်။

ဆက်သွယ်မှုရှိ

ယခုနှစ် အပြောင်းအရွှေ့ကာလတွင် စာချုပ်သစ်နှစ်ခုချုပ်ဆိုလိမ့်မည်ဖြစ်ကြောင်း၊ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်သည်လည်း မန်ယူသို့ လာရောက်ရန် ဆက်သွယ်မှုရှိကြောင်း အိုးထရက်ဖို့ဒ်နည်းပြက ပြောကြားသည်။

မန်ယူအလယ်တန်းတွင် အဆိုပါ ကွင်းလယ်ကစားသမားများဖြင့် တောင့်တင်းခိုင်မာလာမှုရှိသလို ရှေ့တန်းတွင်လည်းလာဆင်နှင့်ဆိုးလ်ရှားတို့မှာအားထားရသည့် တိုက်စစ်မှူးကောင်းများဖြစ်ကြောင်း၊ မန်ယူအသင်းကို တောင့်တင်းခိုင်မာသောအသင်းအဖြစ် ပြုပြင်ပြောင်းလဲနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောဆိုသည်။ **(အင်တာနက်)**

လီနွန်အား စပါးအသင်းက ငါးနှစ်ခွဲ ထပ်မံချုပ်ဆို

လန်ဒန် ဇန်နဝါရီ ၉

အင်္ဂလန် ကွင်းလယ်ကစားသမားနှင့် တော့တင်ဟမ်ဟော့စပါးအသင်းမှ ကွင်းလယ်ကစားသမား လီနွန်အား စပါးအသင်းက နောက်ထပ် ငါးနှစ်ခွဲ စာချုပ်အသစ်ထပ်မံချုပ်ဆိုလိုက်ရာ လီနွန်သည် လာမည့် ၂၀၁၂ ခုနှစ်အထိ စပါးအသင်းတွင် ကစားရမည်ဖြစ်ကြောင်း စပါးကလပ်မှ ပြောကြားသည်။

သွင်းယူခဲ့

အသက် (၁၉)နှစ်အရွယ်ရှိ လီနွန်သည် ၂၀၀၅ခုနှစ် ဇူလိုင်လက လိဒ်ယူနိုက်တက်အသင်းမှ စပါးသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ယခုအချိန်အထိ စပါးအတွက် ၄၈ပွဲ ကစားပေးခဲ့ပြီး လေးဂိုး သွင်းယူပေးခဲ့သည်။

စပါးနှင့်စာချုပ်အသစ်ထပ်မံချုပ်ဆိုလိုက်သည့် လီနွန်။
(ဓာတ်ပုံ–အင်တာနက်)

ပြောကြား

လီနွန်သည် စွမ်းဆောင်ရည်မြင့်မားသော ကစားသမားတစ်ဦးဖြစ်ပြီး တဖြည်းဖြည်း အရည်အသွေးမြင့်မားလာသူတစ်ဦးလည်း ဖြစ်ကြောင်း စပါးနည်းပြ မာတင် ဂျိုးလ်က ပြောကြားသည်။ ထို့အပြင် လီနွန်သည်စပါးအသင်းတွင် အချိန်တိုအတွင်း ပထမကစားသမား စာရင်းဝင်ခဲ့သူ ဖြစ်ကြောင်း၊ စပါးအသင်းအတွက် အဓိက ကစားသမားဖြစ်သလို အားထားရသူတစ်ဦးလည်းဖြစ်ကြောင်း မာတင်ဂျိုးလ်က ချီးကျူးလိုက်သည်။ လီနွန်ကလည်း မိမိအနေဖြင့် စပါးအသင်းတွင် ကစားရသည်မှာ ပျော်ရွှင်ကြောင်း၊ တစ်စုံတစ်ရာ အခက်အခဲမရှိကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ရေးသားတင်ပြသူ မောင်မောင်မြင့်ဆွေ

ဂျွန်တယ်ရီ ပွဲပယ်ပြစ်ဒဏ် ခံရမည်

လန်ဒန် ဇန်နဝါရီ ၉

အင်္ဂလန် နောက်တန်းခံစစ်မှူးနှင့် ချယ်လ်ဆီး အသင်းခေါင်းဆောင် ဖြစ်သည့် ဂျွန်တယ်ရီသည် ၂၀၀၆ခုနှစ် မတ်လကစပါးအသင်းကိုနှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးခဲ့သောပွဲ၌ နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရမှုအပေါ် ပွဲပယ်ပြစ်ဒဏ် ခံရမှုနှင့် ပတ်သက်၍ မကျေနပ်သဖြင့် အက်ဖ်အေသို့ တိုင်ကြားခဲ့ရာ အက်ဖ်အေက ပြစ်ဒဏ် ကျခံထိုက်သည်ဟု ဆုံးဖြတ်လိုက်သည်။ အဆိုပါ စပါးနှင့်ပွဲတွင် ကြမ်းတမ်းစွာ ကစားခဲ့သဖြင့် နှစ်ဝါ၊ တစ်နီထိခဲ့ရာ ကွင်းလယ်ဒိုင်လူကြီး ဂရေဟမ်ပူးလ်အား အပြင်းအထန် ဝေဖန်ပြစ်တင် ပြောကြားခဲ့သည်မှာ ထင်ရှားကြောင်း အက်ဖ်အေက ပြောကြားသည်။ တယ်ရီအနေဖြင့် ကွင်းလယ် ဒိုင်လူကြီးဂရေဟမ်ပူးလ်အား နှစ်ဝါ၊ တစ်နီ ပြမှုအပေါ် ဘာကြောင့်ဆိုသည်ကို ရှင်းပြရန်သာ ပြောကြားခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသည်။

ပွဲပယ်ပြစ်ဒဏ်ခံရမည့် ဂျွန်တယ်ရီ။ (ဓာတ်ပုံ–အင်တာနက်)

ခွဲစိတ်မှုခံယူ

သို့သော်လည်း ကွင်းလယ်ဒိုင်လူကြီး ဂရေဟမ်ပူးလ်က ချယ်လ်ဆီးကစားသမားအချို့သည် ဘောလုံးကစားစဉ် ဒိုင်လူကြီးများပြစ်ဒဏ်ပေးမှုအပေါ် စောဒကတက်ပြောတတ်ကြကြောင်း ပြောကြားသည်။ တယ်ရီသည် ယခုအခါ နောက်ကျောဒဏ်ရာရှိနေသဖြင့် ခွဲစိတ်ကုသမှု ခံယူနေရသည်။ **(အင်တာနက်)**

■ ကျောဖုံးမှ

ဦးအောင်သန်းဦးက သံမဏိစက်ရုံသို့ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းထားမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် စီမံဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ဖြည့်စွက်ရှင်းလင်းတင်ပြကြရာဝန်ကြီးက နိုင်ငံတော်အတွက် အရေးကြီးသော စက်ရုံတစ်ရုံဖြစ်သဖြင့် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးကို ပူးပေါင်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သံမဏိစက်ရုံ ဓာတ်အားခွဲရုံအတွင်း ဓာတ်အားဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးအတွက် သီးခြားဓာတ်အားလိုင်း တိုးချဲ့ ဆောင်ရွက်နိုင်ရေးတို့ကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးပြီး စက်ရုံ၏ လျှပ်စစ်ဓာတ်အား လက်ခံရရှိမှု၊ ဖြန့်ဖြူးမှု အခြေအနေများနှင့် စက်ရုံအတွင်း သံချောင်းလုံးများ ထုတ်လုပ်ပုံအဆင့်ဆင့်ကို လိုက်လံကြည့်ရှုပြီး ဝန်ကြီးက ကုန်ထုတ်စွမ်းအား ပိုမိုထုတ်လုပ်နိုင်ရန် လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်း

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့ 66/11 KV ဓာတ်အားခွဲ ရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူး လက်ထောက် အင်ဂျင်နီယာ ဦးသိန်းမြင့်က ပြည်ဓာတ်အားခွဲ ရုံ၏ ဓာတ်အားဖြန့်ဖြူးမှု၊ ဓာတ်အားလက်ခံရရှိမှု တို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့် ပြည်မြို့ ဓာတ်အားခွဲ စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆံတော်ရှင် မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီးသမိုင်းဝင် မဟာမကုဋ္ဌရုံသီဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်မွမ်းမံလျက်ရှိပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ရက်မှ မတ်၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဗုဒ္ဓပူဇနိယပွဲတော်ဆိုင်ရာ မော်တင်ဘုရားပွဲခင်းဆိုင်ခန်းများ၊ ခမောက်မော်ကမ်းခြေဆိုင်ခန်းများနှင့်ငွေတောင်ကမ်းခြေဈေးဆိုင်ခန်းများကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီတွင်လည်းကောင်း၊ ရေဖြန့်ဖြူးရေးလုပ်ငန်းနှင့် လျှပ်စစ်ပေးဝေရေးလုပ်ငန်းများကို ဇန်နဝါရီ ၁၄ရက်နံနက် ၉နာရီတွင်လည်းကောင်း၊ ဈေးကောက်လုပ်ငန်း၊ သန့်စင်ခန်းလုပ်ငန်း၊ ဆိပ်ကမ်းကပ်ခကောက်ခံခြင်း၊ ပြင်ပဓာတ်ပုံရိုက်ခြင်းနှင့် ရုပ်ရှင်၊ ဇာတ်ပွဲကပြခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁၅ရက် နံနက် ၉နာရီတွင် လည်းကောင်း၊ ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဈေးပြိုင် စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်သည်။

မြတ်မော်တင်စေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ပုသိမ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖုန်း ၀၄၂–၂၅၂၇၇၊ ၂၄၂၄၂၊၂၁၁၄၅၊ ၂၅၁၇၇ နှင့် ၂၄၉၀၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှေ့ပိုင်းခရိုင် မိခင်/ ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် International Language and Business Center (I.L.B.C)တို့ ပူးပေါင်းဖွင့်လှစ်သော အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်း အမှတ်စဉ်(၂/၂၀၀၇)ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ I.L.B.C အဆောက်အအုံခန်းမ၌ ကျင်းပသည်။

လက်ခံ

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေကအမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွက် I.L.B.C အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်း လှူဒါန်းသည့် ငွေကျပ်ငါးသိန်း၊ ဦးခင်ဇော်–ဒေါ်ခင်ဆွေဦး (ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး)၊ ဦးအောင်မြတ်သူ (နေမင်းမော်တော်ယာဉ်ထုတ်လုပ်ရေး)နှင့် ဦးစိုးဝင်း (အက်စ်အဲဗားဝင်း မော်တော်ယာဉ်ထုတ်လုပ်ရေး)တို့က ငွေကျပ်သုံးသိန်းစီ စုစုပေါင်းငွေကျပ် ၁၄ သိန်းကို လက်ခံသည်။

ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင်ရှိသော အမြင့်ပေ ၁၀၅၀၀ ရှိ နတ်မတောင်(ဝိတိုရိယ)တောင်သို့ တက်ရောက်ခဲ့သည့် I.L.B.C မှ ကျောင်းသား ကျောင်းသူ တောင်တက်အဖွဲ့အားဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၉၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှဖေဖော်ဝါရီ ၈ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ဆက်လက်တူးဖော်

ယင်းနောက် ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေး မှာကြားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့အထွက်တိုးရေး ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များကိုချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးအား တာဝန်ရှိသူတို့က လက်ရှိတူးဖော်လျက်ရှိသည့် မအူပင်(တောင်)ဒေသ အစမ်းတွင်းနှင့် စပ်လျဉ်း၍ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မအူပင်(တောင်) အစမ်းတွင်းကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ အခြား ရေနံနှင့် သဘာဝဓာတ်ငွေ့အလားအလာကောင်းများရှိသည့် တိုက်ကြီး၊ ဥက္ကံ၊ ပကွန်နှင့် အဖျောက်ဒေသတို့၏ ဘူမိရူပဗေဒဆိုင်ရာ အချက်အလက်များကို သေချာစွာ လေ့လာသုံးသပ်ပြီး ရှာဖွေရေး၊ တွင်းသစ်များ အမြန်ဆုံးတူးဖော်သွားနိုင်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

နေ့စဉ်ထုတ်လုပ်

ထို့နောက် ဝန်ကြီးသည် တွင်းတူးဖော်ရေးအောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး တွင်းသစ်အမှတ်(၃၇)သို့သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်မှုအခြေအနေကိုကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တွင်းသစ် အမှတ်(၃၇)မှ သဘာဝဓာတ်ငွေ့ကုဗပေ ၃ ဒသမ ၁၂ သန်းကို နေ့စဉ် ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့ကုဗပေ ၈၁သန်းကျော်နှင့် လေဆီ (Condensate) စည် ၇၂၀ ကို နေ့စဉ် ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲကို စီးပွားရေးတက္ကသိုလ်ဘွဲ့ရအသင်းက ကြီးမှူး၍ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၃၁ရက်က စီးပွားရေးတက္ကသိုလ် ပင်မအခန်း ၁၀၅၌ကျင်းပရာ တပည့်ဟောင်းများက အပူဇော်ခံဆရာ၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများ ပေးအပ်ကြစဉ်။

(က–ပ)

ညီညွတ်စောင့်ရှောက်ရေး ဆွမ်းလောင်းအသင်း အလှူတော် ဓမ္မပူဇာတရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သဒ္ဓမ္မဇောတိကာ မဟာသိမ်တော်ကြီးနှင့် သန္တိမဟာဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး တည်ဆောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ကျားကွက်သစ်ရပ်ကွက် ဓမ္မစိန္တာလမ်းရှိ ညီညွတ်စောင့်ရှောက်ရေး ဆွမ်းလောင်းအသင်းက နှစ်စဉ် အလှူတရားပွဲများ ကျင်းပ၍ လှူဒါန်းလျက်ရှိသည်။

ယခုနှစ် (၁၄)ကြိမ်မြောက် အလှူတော် ဓမ္မပူဇာတရားပွဲကို အထက်ပါဓမ္မာရုံအနီး ဓမ္မပလ္လင်၌ ညစဉ် ၇နာရီမှ စတင်၍ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၁ရက်တွင် ဒေါက်တာ နန္ဒမာလာဘိဝံသ(ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန်)၊ ၁၂ရက်၌ အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့်၊ ပဓာနနာယက ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေပြည်ဟိန်းကျောင်း ရန်ကင်းမြို့နယ် ရန်ကုန်) နှင့် ၁၃ရက်တွင် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt, Ph.D) သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ စစ်ကိုင်းတောင်ရိုး) ဆရာတော်ကြီးတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၆)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ကျင်းပသော ကလေးပြိုင်ပွဲနှင့်သားကောင်းမိခင်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်က ရပ်ကွက်ရုံးခန်းမတွင် ကျင်းပရာ အသက် ခြောက်လမှ တစ်နှစ်အတွင်း ပထမဆုရရှိသော မောင်အောင်အောင်အား မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က ဆုချီးမြှင့်စဉ်။

(က–ပ)

ပင်လယ်ကူးသင်္ဘောသားများအသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည် ဂေါက်သီးရိုက် ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ရက် (စနေနေ့) နံနက် ၆နာရီတွင် City Golf Resort(မြကန်သာ) ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး နှစ်ပတ်လည် ညစာစားပွဲကို ယင်းနေ့ ညနေ ၆နာရီ၌ အိုအေစစ်စားသောက်ဆိုင် (ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ဒဂုံမြို့နယ် အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၅–၂၀၀၆ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးငွေပဒေသာပင် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုစမ်းထံ အလှူရှင်များလှူဒါန်းသော အလှူငွေကျပ် ၁၆၅၀၀၀၀ကို မိဘဆရာ အသင်းနာယက ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်လှိုင်ထွဏ်းက ပေးအပ်လှူဒါန်းစဉ်။

(၁၀၀)

ပါတီ၏ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များအပေါ် ယုံကြည်မှုမရှိ ဘုတ်ပြင်းမြို့နယ် NLD မှ ပါတီဝင်တစ်ဦးနုတ်ထွက်

ရန်ကုန် ဇန်နဝါရီ ၉

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်တစ်ဦးဖြစ်သူ ရွှေဘုံသာရပ်ကွက်နေ ဦးကျော်နိုင်(ခ)တိုက်ကူပါရီသည် ဒီဇင်ဘာ၂၇ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း မိမိ၏သဘောဆန္ဒအလျောက် နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာ ပေးပို့နုတ်ထွက်ခဲ့သည်။

ဘုတ်ပြင်းမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် မိမိသည် NLD ပါတီ၏ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များအပေါ် ယုံကြည်မှုမရှိတော့ခြင်းကြောင့် မိမိ၏သဘောဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၆ ရက် ညနေပိုင်းတွင် အင်္ဂပူမြို့နယ် နောက်မီးကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ပြောကြားကာ အလှူငွေကျပ် ခြောက်သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ဇေယျာသုခကျောင်းတိုက်သို့ ရောက်ရှိပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ရေဝရဓမ္မအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟို အလုပ်အမှုဆောင်သည် ဇန်နဝါရီ ၇ ရက်နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီး-တစ်တီတူးလမ်း၊ ပေါက်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများ၊ ဒေသခံများသည် တံတားတစ်လျှောက် ကြည့်ရှုကြသည်။

တက်ရောက်အားပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ညောင်ပင်ကြီးကွင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ၂၀၀၆-၂၀၀၇ ပညာရေး စုံညီပွဲတော်ကို တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ကြင်ဌေးက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် အလှူရှင်များက အလှူငွေကျပ် ၁၄ သိန်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ကညွတ်ကုန်းကျေးရွာ ထွန်းမြတ်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။ ရှေးဦးစွာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်အတွင်း လှည့်လည် ကြည့်ရှုကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် တပ်စုကျေးရွာ ဝေဠုဝန်ကျောင်း၌ ဒေသခံများအား တွေ့ဆုံအမှာစကားပြောကြားသည်။ ထို့နောက် တပ်စုကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း၁၀၀ ပေးအပ်လှူဒါန်းသည်။

ဗဟို အလုပ်အမှုဆောင်သည် ဇန်နဝါရီ ၈ ရက်နံနက်ပိုင်းတွင် ထန်းပင်ကုန်းစံပြကျေးရွာ ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ငွေးကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လိုအပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား တွေ့ဆုံမှာကြားကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံမှာကြား

နေ့လယ်ပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်သည် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ မြို့နယ်အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များနှင့် ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေးညှိနှိုင်း

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေးအတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ လုပ်ငန်းဆပ်ကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းဆပ်ကော်မတီဝင်များဖြစ်ကြသော ဖိတ်ကြားရေးနှင့် အစည်းအဝေးဖြစ်မြောက်ရေး ဆပ်ကော်မတီ၊ အစည်းအဝေး ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ အခမ်းအနား ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ ပြည်နယ်နှင့် တိုင်း အမျိုးသမီးရေးရာ ကိုယ်စားလှယ်များအား ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သုံးသပ်ပြုစုရေး ဆပ်ကော်မတီ၊ မိန့်ခွန်းနှင့် အစည်းအဝေး အစီရင်ခံစာပြုစုရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီနှင့် အတွင်းရေးမှူးအဖွဲ့တို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးတက်ရောက်သူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် လှော်ကားတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိ၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ အောင်ဘိတ်သိတ်ကျေးရွာသို့ ရောက်ရှိကာ ဒေသခံများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် ကျေးရွာစာကြည့်တိုက်နှင့် ကလေးများ ဝက်သက် ကာကွယ်ဆေးထိုးနေမှုကို ကြည့်ရှုအားပေးသည်။

ညှိနှိုင်းဆောင်ရွက်

ယင်းမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ဘို့မသံတောင်ကျေးရွာ မူလတန်းကျောင်းသို့ရောက်ရှိပြီး ဘို့မသံတောင်နှင့် နမ်ချိုကျေးရွာရှိ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျေးရွာပြည်သူများနှင့် ခရစ်ယာန်ဘုရားကျောင်းအတွက် ပံ့ပိုးပစ္စည်းများ ပေးအပ်သည်။

ပံ့ပိုးပစ္စည်းပေးအပ်

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဝေသာလီကျေးရွာ၊ ပဒက်ချောင်းကျေးရွာနှင့် မြသီတာကျေးရွာတို့သို့ ရောက်ရှိပြီး ဒေသခံများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးပြီး ပံ့ပိုးပစ္စည်းများ ပေးအပ်သည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် ဂမုန်းတောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပဒတ်ချောင်း၊ မဲပေါက်နှင့် ပင်ရဲကျေးရွာများမှ ဒေသခံများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ မှာကြား ပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊ ပံ့ပိုးထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထောက်ပံ့

တိုင်းမှူးနှင့်အဖွဲ့သည် ခရီးစဉ်တွင် ပျဉ်းမနားမြို့နယ် အရှေ့ခြမ်းတောင်ပေါ်ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာပေါင်း ၁၇ ရွာရှိ အိမ်ထောင်စု ၇၅၇ စုအတွက် အိုင်အိုဒင်းဆား ၅၀ ကျပ်သား အထုပ် ၇၅၇ ထုပ်၊ လူကြီးဝတ် အနွေးထည် အထည် ၈၀၀၊ ကလေးဝတ် အနွေးထည် ၁၀၁၀ နှင့် ဆေးဝါးပစ္စည်းများ၊ ကျောင်းသား ကျောင်းသူ ၅၇၆ ဦး အတွက် ဗလာစာအုပ် ၂၀၀၊ ခဲတံ ၁၄၅ ဒါဇင် ထောက်ပံ့ပေးအပ်ခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းနှင့် ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်းအတွက် လှူဖွယ်ပစ္စည်းများ ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း ငွေကျပ် ၁၇ သိန်းကျော် တန်ဖိုးရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှု သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၉

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသ ဘက်စုံဖွံ့ဖြိုးရေး ဗဟိုဌာနတို့ ပူးတွဲကျင်းပသည့် ပထဝီဝင် သတင်းအချက်အလက်စနစ် အသုံးပြုပြီး သဘာဝသယံဇာတများ စီမံအုပ်ချုပ်မှုသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းရှိ တော်ဝင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ICIMOD, GIS မှ ကျွမ်းကျင်ပညာရှင် Mr. Sushil Pradhan က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

အဆိုပါသင်တန်းကို သစ်တောဦးစီးဌာနရှိ အဝေးမှ စူးစမ်းလေ့လာခြင်းနှင့် ပထဝီဝင် သတင်းအချက်အလက်စနစ် ဌာနစိတ်၌ ဇန်နဝါရီ ၁၉ ရက်ထိ ရက်သတ္တနှစ်ပတ်ကြာ ပို့ချမည်ဖြစ်ပြီး ဝန်ကြီးဌာနလေးခုမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်နှင့် မွေးနေ့ပရဟိတအလှူတော်ဖွင့်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်းငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာန နာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိက ဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဇန်နဝါရီ ၁၆ ရက် (ဆည်းဆာ)တွင် ၈ လမ်း ဘုရင့်နောင် ရန်ကုန်၊ ယင်းညတွင် ၂/ခရပ် မင်္ဂလာဒုံ ရန်ကုန်၊ ၁၇ ရက် ညနေ ၄ နာရီခွဲတွင် ၈ လမ်း ဘုရင့်နောင် ရန်ကုန်၊ ည ၆ နာရီတွင် သရက်တောရပ် စမ်းချောင်း၊ ည ၇ နာရီခွဲတွင် အင်းစိန်လမ်း ကြည့်မြင်တိုင်၊ ည ၈ နာရီခွဲတွင် စေတနာသမ္မာရ ဗားကရာလမ်း ကြည့်မြင်တိုင် ၁၈ ရက်(ဆည်းဆာ)တွင် ပုလဲလမ်း ကျိုက္ကစံရပ် ဗဟန်း၊ ည ၇ နာရီတွင် ၃ ရပ်ကွက် လှည်းတန်း ကမာရွတ်၊ ယင်းည ၈ နာရီခွဲတွင် ဦးဖိုးထူးလမ်း ကြည့်မြင်တိုင် ရန်ကုန်တို့၌ တရားဟောကြားမည်ဖြစ်သည်။

သက်တော်(၃၉)နှစ်ပြည့် မွေးနေ့အလှူတော်အဖြစ် ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာ လေးကျွန်းမာရ်အောင်စေတီ ဗုဒ္ဓပူဇနီယပွဲ၊ သဒ္ဓမ္မဇောတိကဓဇ ပူဇော်ပွဲ၊ ရှုံကြယ်စာကြည့်တိုက်ဖွင့်ပွဲ၊ ရုံးပင်ကုန်းရွာ ကြယ်တစ်ပွင့်မီးစက်တိုက်ဖွင့်ပွဲ၊ ဆားတောင်နီရွာ စာသင်ကျောင်းတံတိုင်း၊ ကျေးရွာမုခ်ဦးဖွင့်ပွဲ၊ သာလိုင်းရွာ စာသင်ကျောင်း ပန္နက်တင်မင်္ဂလာနှင့် ကျေးရွာမုခ်ဦးဖွင့်ပွဲ ပရဟိတ အလှူတော်များအား စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဖိုးဝင်းတပ်ကျေးရွာတွင် ဇန်နဝါရီ ၁၉ ရက်၊ ၂၀ ရက်၊ ၂၁ ရက်၊ ၂၂ ရက်များ၌ ၄ ရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အင်အားအသင့်အတင့် မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၉

ယနေ့ မြန်မာစံတော်ချိန် ၁၁ နာရီ ၅၇ မိနစ် ၅၈ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ မြောက်ဘက် ၁၅၅ မိုင်ခန့် ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြည်တွင်း)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

ဇုန် ၃ ဒသမ ၃ စစ်တုရင်ချန်ပီယံလုပွဲ ချန်ပီယံ ဝင်းဇော်ထွန်း ယှဉ်ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၉

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဇန်နဝါရီ ၁၀ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ဇုန် ၃ ဒသမ ၃ စစ်တုရင် ချန်ပီယံလုပွဲတွင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ မြန်မာပြည်စစ်တုရင်ချန်ပီယံ ဝင်းဇော်ထွန်း(လယ်/ဆည်)ပါဝင်ယှဉ်ပြိုင်ရန် ယနေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(ယာပုံ)**

မြန်မာစစ်တုရင်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ကစားသမားအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝင်းဇော်ထွန်းတို့ လိုက်ပါသွားကြသည်။

အဆိုပါပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသူသည် ကမ္ဘာ့စစ်တုရင်ချန်ပီယံလုပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ်(A-1)နှင့် (A-3)တို့၌ Geophysical Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Geo Surveyor ဖြင့် ဇန်နဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၂၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့်တည်နေရာနှင့် အချိန်ကာလများမှာ Location A Thandar # Point-1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၃ မိနစ် ၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၉ မိနစ် ၃၁ စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၅ မိနစ် ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၂ မိနစ် ၂၈ စက္ကန့်နှင့် Point-3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၂ မိနစ် ၂၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၄ မိနစ် ၁၄ စက္ကန့်နှင့် Point-4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၀ မိနစ် ၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၁ မိနစ် ၁၇ စက္ကန့်တွင် ဇန်နဝါရီ ၁၀ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ Location B Shwe CPP#2 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၁၄ မိနစ် ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၈ စက္ကန့်မှ Sittwe မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၀၆ မိနစ် ၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၄ မိနစ် ၃၁ စက္ကန့်အထိကို ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိလည်းကောင်း၊ Location C Shwe CPP # 2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၄ မိနစ် ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၈ စက္ကန့်မှ Made မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၂ မိနစ် ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၈ မိနစ် ၅၅ စက္ကန့်အထိကို ဖေဖော်ဝါရီ ၃ ရက်မှ ၂၃ ရက်အထိ လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ်(A-1)နှင့် (A-3)တို့၌ တိုင်းတာရေးရေယာဉ် MV Geo Surveyor ဖြင့် တိုင်းတာရေးလုပ်ငန်း များဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗာန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထား ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထား သည်။ **(သတင်းစဉ်)**

ငါးမင်းဆွေမှ ဒေါ်စုကြည်သို့

မစု နေကောင်းပါတယ်နော်၊ တလောက မစုနေမကောင်းဘူး ကြားရလို့ ကျွန်တော်စိတ်ပူမိပါတယ်။ မစု ကျန်းမာရေးကောင်းကြောင်း သိရတော့မှ စိတ်အေးသွားပါတယ်။ မစုကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံနှင့်လူမျိုးအကျိုးကို အသက်ရာကျော်ရှည်စွာ လုပ်ကိုင်နိုင်ပါစေကြောင်း ကျွန်တော် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

မစုရေ– ကျွန်တော်မင်းဆွေဟာ ငါးမွေးမြူရေး လုပ်တဲ့အတွက် (ငါးမင်းဆွေ)လို့ ကလောင်အမည်တပ်ပြီး ဂျာနယ်တွေမှာ ဆောင်းပါးများ ရေးခဲ့တယ်။ ၂၆–၁၁–၂၀၀၆ရက်နေ့က သတင်းစာတွေမှာ **“၇၅မင်းဆွေမှ ၈၈မင်းကိုနိုင်သို့”** ဆိုတဲ့ ဆောင်းပါးကို မစု ဖတ်ရလိမ့်မယ်လို့ ထင်ပါတယ်။ ၈၈မျိုးဆက်ကျောင်းသား ကိုဂျင်မီက အဲဒီဆောင်းပါးကို ကြိုဆိုပါကြောင်း RFAမှာ ပြောသွားပါတယ်။ RFAက ဒီဆောင်းပါးဟာ ယဉ်ယဉ်ကျေးကျေးနဲ့ ဆွေးနွေးတဲ့ပုံစံမျိုး ဖြစ်တယ်လို့ မှတ်ချက်ပေးသွားပါတယ်။ အဲဒီဆောင်းပါးကို ဘယ်လိုမြင်ပါသလဲ မစု။

မစုရဲ့အမည် အောင်ဆန်းစုကြည်ကို ကျွန်တော်ငါးနှစ်သားမှာ စကြားခဲ့ရပါတယ်။ ကျောင်းမှာ အာဇာနည်နေ့ ဟောပြောပွဲလုပ်တော့ ဆရာမဒေါ်အမာစိန်က နိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေးလှူသွားတဲ့ ဗိုလ်ချုပ်အောင်ဆန်းမှာ အောင်ဆန်းဦးနှင့် အောင်ဆန်းစုကြည်ဆိုတဲ့ သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်ခဲ့တယ်လို့ ပြောပြပါတယ်။ အဲဒီကတည်းက ဖခင်ဗိုလ်ချုပ်ရဲ့ သားသမီးနှစ်ယောက်ဟာ တစ်နေ့မှာ ဖခင်ဗိုလ်ချုပ်လိုပဲ နိုင်ငံ့အကျိုးပြုလိမ့်မယ်လို့ ကလေးအတွေးနဲ့ တွေးထင်ခဲ့မိပါတယ်။ ဖခင်ကြီးမရှိတော့ပေမယ့် ကျန်ရစ်ခဲ့တဲ့ အစ်ကိုကြီးနှင့် အစ်မကြီးတို့ကို ကျွန်တော် ကလေးဘဝကတည်းက ယုံကြည်အားကိုးမျှော်လင့်မိခဲ့ပါတယ်။

မစုရေ– မဆလခေတ်မှာ ကျွန်တော့်ဖေဖေက ကျိုက္ခမိမှာ ဆားလုပ်ငန်းလုပ်ပါတယ်။ ထွက်သမျှဆားအားလုံးကို နိုင်ငံတော်သို့ တစ်ပိဿာ ၁၂ပြားဈေးနဲ့ ရောင်းရပါတယ်။ ဒီဈေးနဲ့ရောင်းရတော့ အရှုံးပေါ်ပြီး အဖေ့မှာလဲ အကြွေးတွေဝိုင်းနေတာပေါ့။ ဒါကြောင့် ကိုယ်ထုတ်လုပ်ထားတဲ့ဆားကို ပြင်ပသို့ခိုးရောင်းရတယ်။ ပြင်ပပေါက်ဈေးက ပြား၃၀ ကနေပြား၅၀အထိရှိပါတယ်။ ဒီလို ကိုယ့်ပစ္စည်းကိုယ် ပြင်ပ ရောင်းလို့ ဖမ်းမိရင် ဆားကွင်းလဲ အသိမ်းခံရပါမယ်။ ထောင်လဲ ခုနစ်နှစ်အထိ ကျနိုင်ပါတယ်။ အဲဒီအချိန်က ဆယ်ကျော်သက် ကျွန်တော်ဟာ ဖေဖေ ထောင်ကျမှာကို စိတ်ပူနေရတယ်။ ဆားကွင်းအသိမ်းခံသွားရင် ဘာနဲ့ စားရမလဲ။ ဘယ်လို ကျောင်းဆက်နေနိုင်မှာလဲလို့ တွေးပူနေရတယ်။ ဒါကြောင့် အဲဒီကစပြီး တစ်နိုင်ငံလုံး စီးပွားရေးကို ဗဟိုကချုပ်ကိုင်ထားတဲ့ မဆလအစိုးရကို မုန်းတီးခဲ့ရပါတယ် မစု။

မစုရေ– ကျွန်တော် ၁၀တန်းနှစ် ၁၉၇၄ ဒီဇင်ဘာမှာ ဦးသန့်အရေးအခင်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ အထက(၁)လမ်းမတော် (စိန်ဂျွန်း)ကျောင်းကနေ ဦးသန့်ရုပ်အလောင်းထားတဲ့ ကျိုက္ကဆံကွင်းသို့ ရောက်သွားပါတယ်။ တက္ကသိုလ်ကျောင်းသားကြီးတွေက ဦးသန့်ရုပ်အလောင်းကို လုယူလိုက်ကြပြီး ရန်ကုန်တက္ကသိုလ်ဝင်းထဲသို့ ယူဆောင်လာကြပါတယ်။ ကျွန်တော်ဟာ အဲဒီလူအုပ်ကြီးနဲ့အတူ မျောပါလာခဲ့ပါတယ်။ ဦးသန့်အရေးအခင်းမှာ ၁၀တန်းကျောင်းသား ကျွန်တော်ဟာ ဝေလေလေအခန်းက ပါဝင်ခဲ့ပါတယ်။ ၁၉၇၅မှာ ကျွန်တော်၁၀တန်းအောင်ပြီး ဘူမိဗေဒအဓိကနဲ့ ရန်ကုန်တက္ကသိုလ်ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ ဒဂုံဆောင်ကျောင်းသား ၁၅ယောက်ဟာ ဂျပ်ဆင် အဆောက်အအုံရှေ့မှာ သစ္စာပြု သက်သေတည်ပြီး ဂျပ်ဆင်အဖွဲ့ကို ဖွဲ့ခဲ့ကြပါတယ်။ မှိုင်းရာပြည့် အရေးအခင်း မဖြစ်မီညမှာ ကျွန်တော်တို့ ဒဂုံဆောင်က ဂျပ်ဆင်အဖွဲ့တွေနဲ့ တက္ကသိုလ်ဝင်းထဲက အဆောင်ကျောင်းသား တစ်ရာကျော်ဟာ သမိုင်း ဆောင်ဘက်ကို ချီတက်ပြီး သမိုင်းဆောင်က စက်မှုတက္ကသိုလ် ကျောင်းသား တွေကို စည်းရုံးဟောပြောကြပါတယ်။ နောက်နေ့မှာတော့ ရန်ကုန် တက္ကသိုလ်ဝင်းကို အခြေပြုပြီး မှိုင်းရာပြည့် အရေးအခင်း ပေါ်ပေါက်ခဲ့ပါတယ်။ မှိုင်းရာပြည့်အရေးအခင်း အပြီးမှာတော့ ကျွန်တော်ဟာ အင်းလျားမြေကို မခွဲချင်ဘဲ ခွဲခွာခဲ့ရပါတယ် မစု။

မစုရေ– ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလောကထဲ ရောက်ခဲ့တဲ့ ကျွန်တော်ဟာ မဆလခေတ်မှာ တိုင်းပြည်ရဲ့ စီးပွားရေး ချွတ်ခြုံကျနေမှုကို ကိုယ်တိုင်ကိုယ်ကျ တွေ့လာရပါတယ်။ ပုဂ္ဂလိကစီးပွားရေးကို နှိပ်ကွပ်ထားတဲ့ မဆလအစိုးရကိုလဲ တော်တော် မကျေမနပ်ဖြစ်မိတယ်။ ကျွန်တော်ဟာ မွန်ပြည်နယ်က မဆလပါတီလူကြီးတွေ လွှတ်တော်အစည်းအဝေး သွားတဲ့အခါ အိမ်ကဟိုင်းလတ်ကားနဲ့ မောင်းပို့ရပါတယ်။ မဆလလူကြီးတွေက ကျွန်တော့်ကို သဘောကျကြတယ်။ ပါတီဝင်ဖို့ ပြောပါတယ်။ နေရာပေးမယ်လို့လဲ ပြောပါတယ်။ ကျွန်တော်က မဆလပါတီရဲ့ စီးပွားရေးမူဝါဒတွေကို အယုံအကြည်မရှိကြောင်း၊ ပုဂ္ဂလိက စီးပွားရေးကို အားပေးစေချင်ကြောင်း၊ ကျွန်တော်လဲ ပါတီမဝင်နိုင်ကြောင်း ပွင့်လင်းရိုးသားစွာ ပြောခဲ့ပါတယ်။

မစုရေ– ရှစ်လေးလုံးနေ့ မရောက်ခင်ကတည်းက ကျွန်တော်နဲ့ ကျိုက္ခမိသားအချို့တို့ဟာ အရေးအခင်း ပေါ်ပေါက်အောင် မြို့ထဲ လှည့်လည်လှုံ့ဆော်ခဲ့ကြပါတယ်။ အရေးအခင်းသာ မဖြစ်ခဲ့ရင် ကျွန်တော်တို့ အဖမ်းခံရမှာ သေချာပါတယ်။ ရှစ်လေးလုံးဖြစ်တဲ့ညမှာ ကျိုက္ခမိမြို့လယ်ကောင်က ဓမ္မာရုံသပိတ်စခန်းထဲမှာ မဆလပါတီကောင်စီဝင်တချို့ကိုပါ ထူးဆန်းစွာ တွေ့လိုက်ရတယ်။ ကျွန်တော်က နေ့လယ်ကပဲ ပြည်သူလူထုက “ပါတီကောင်စီအလိုမရှိ”လို့ ကြွေးကြော်ခဲ့ကြတယ်။ ဒါကြောင့် ဦးတို့ပါတီကောင်စီတွေ သပိတ်စခန်းထဲက ထွက်ပေးပါလို့ ယဉ်ယဉ်ကျေးကျေးပဲ ပြောလိုက်တယ်။ ကျွန်တော့်စကားကြောင့် အဲဒီ ပါတီကောင်စီဝင်တွေနဲ့ သူတို့ဆွေမျိုးအသိုင်းအဝိုင်းတွေက ဒေါသူပုန်ထပြီး တုတ်ဆွဲကြကာ ကျွန်တော့်ကို ရိုက်ဖို့လုပ်ကြပါတယ်။ သပိတ်စခန်းထဲကနေ ကျွန်တော့်ကို အတင်းအဓမ္မဆွဲထုတ် တွန်းထုတ်ကြတယ်။ သပိတ်ကို ဆန့်ကျင်ရင် ပြင်းထန်စွာ အရေးယူမည်ဟု အသံချဲ့စက်နဲ့ ပြောပါတယ်။ ပြင်းထန်စွာ အရေးယူမယ်ဆိုတာ သတ်ပစ်မယ်လို့ ပြောမှန်း ကျွန်တော်သိပါတယ်။ သူတို့ဘယ်လိုပဲ ခြိမ်းခြောက်ပေမယ့် ကျွန်တော် နောက်လှည့်မပြန်ဘဲ သူတို့ရဲ့မိုက်ကရိုဖုန်းကို ပေးဖို့တောင်းတယ်။ သူတို့က မပေးဘူး။ ကျွန်တော်က မင်းတို့ပြောချင်တာပြောပြီး ငါ့ကိုတော့ ပေးမပြောတာ မင်းတို့တောင်းတဲ့ ဒီမိုကရေစီလားလို့ မေးလိုက်တယ်။ ဒီတော့မှ သူတို့အထဲက လူတစ်ဦးက မိုက်ကရိုဖုန်းကို ပေးလိုက်ပါလို့

ငါးမင်းဆွေ

ပြောလာတယ်။ ကျွန်တော်လဲ မိုက်ကရိုဖုန်းကို ကိုင်ပြီး “ပါတီကောင်စီအလိုမရှိ”ဆိုတဲ့ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားကို လေးစားလိုက်နာသောအားဖြင့် သပိတ်စခန်းထဲမှာရှိနေတဲ့ ပါတီကောင်စီဝင်များ အပြင်ထွက်ပေးကြပါလို့ တစ်မြို့လုံးကြားအောင် မိုက်ကရိုဖုန်းနဲ့ ပြောလိုက်တယ်။ ဒီလို မြို့လယ်ကောင်မှာ ရုတ်ရုတ်သဲသဲ ဖြစ်နေလို့ အနီးအနားက လူတွေစုလာပြီး ကျွန်တော့်နောက်ကို ရောက်လာကြပါတယ်။ ကျွန်တော့်နောက်မှာ ရှိနေတဲ့ လူအုပ်က မင်းဆွေ ပြောတာမှန်တယ်လို့ အော်ကြတယ်။ အဲဒီ ရှစ်လေးလုံးညက ကျိုက္ခမိ လူထုကောင်းလို့ ရှစ်လေးလုံးအရေးအခင်းမှာ ကျွန်တော် ဈေးဦးပေါက် အသတ်မခံရတာပါမစု။

မစုရေ– သပိတ်စခန်းမှာ ကျွန်တော်ဟာ ဒီမိုကရေစီနည်းလမ်းအတိုင်း ကျွန်တော့်သဘောဆန္ဒကို ယဉ်ယဉ်ကျေးကျေး တင်ပြတာပါ။ အဲဒါကို သူတို့က တုတ်ဆွဲ၊ ဓားဆွဲ လုပ်ကြတယ်။ အဲဒီလို ဒီမိုကရေစီစကားဝိုင်းမှာ တုတ်ဆွဲ၊ ဓားဆွဲလုပ်ကြတဲ့ အကြမ်းဖက် စိတ်ဓာတ်ရှိသူတွေဟာ ရှစ်လေးလုံးအရေးအခင်းအပြီးမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ထဲ ဝင်သွားကြတာ အံ့သြဖွယ် မကောင်းဘူးလား မစု။ ရှစ်လေးလုံး အရေးအခင်းမှာ တစ်နိုင်ငံလုံး အကြမ်းဖက် ဆူပူလူသတ်ပွဲတွေ ဖြစ်ခဲ့ကြတယ်။ ဒါကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် မစုတို့ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာ ဒီလို အကြမ်းဖက် စိတ်ဓာတ်ရှိတဲ့ လူမျိုးတွေ ဘယ်လောက်များများ ပါဝင်နေသလဲဆိုတာ မစုဟာ ပညာတတ် တစ်ယောက်ဖြစ်လို့ တွေးကြည့်ရုံနဲ့ သိနိုင်ပါတယ်နော်။ ဒီလိုထစ်ခနဲဆို တုတ်ဆွဲ၊ ဓားဆွဲ အကြမ်းဖက်စိတ်ဓာတ်ရှိတဲ့ လူတော်တော်များများ ပါဝင်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သာ နိုင်ငံတော်အာဏာကို ရသွားရင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဟာ တုတ်ဆွဲဒီမိုကရေစီ အဖွဲ့ချုပ် ဖြစ်မသွားနိုင်ဘူးလား မစု။

မစုရေ– ၁၉၉၀ပြည့်နှစ်မှာ ပါတီစုံရွေးကောက်ပွဲကြီး ကျင်းပခဲ့ကြတယ်။ ကျွန်တော့်ဇာတိ ကျိုက္ခမိ (သံဖြူဇရပ် အမှတ်(၁) မဲဆန္ဒနယ်မြေ)မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)က ဦးမောင်မောင်ကြီးနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက ဦးတင်ထွန်းတို့ ယှဉ်ပြိုင်ရွေးကောက်ပွဲ ဝင်ခဲ့ကြပါတယ်။ NLD ကိုယ်စားလှယ် ဦးမောင်မောင်ကြီးဟာ ကျိုက္ခမိနယ်သား မဟုတ်ပါဘူး။ ကျိုက္ခမိသားတွေကလဲ သူ့ကို မသိကြပါဘူး။ သူ့ရဲ့အရည်အချင်းနဲ့ ကိုယ်ကျင့်တရားကိုလဲ မသိရှိကြပါဘူး။ မဲရုံမှာ ကပ်ထားလို့သာ ဦးမောင်မောင်ကြီးဟာ ဒုတိယဗိုလ်မှူးကြီး (အငြိမ်းစား)ဖြစ်တယ်လို့ အကြမ်းဖျင်းလောက်ပဲ သိရပါတယ်။ တစည ကိုယ်စားလှယ် ဦးတင်ထွန်းကတော့ ကျိုက္ခမိနယ်သားပါ။ သူ့ဖခင်ဟာ သူကြီးတစ်ယောက်ဖြစ်ခဲ့ပြီး နိုင်ငံလွတ်လပ်ရေးရခါစက ကျိုက္ခမိနယ်ကို သောင်းကျန်းသူစိုးမိုးထားစဉ်မှာ ဦးတင်ထွန်းရဲ့ ဖခင်ဟာ ကျုံကဒါတ်ရွာကြီးကို လက်နက်ကိုင်ပြီး ကာကွယ်စောင့်ရှောက်ခဲ့သူ ဖြစ်ပါတယ်။ ဦးတင်ထွန်းဟာ ဘွဲ့ရ ပညာတတ်တစ်ယောက်ဖြစ်ပါတယ်။ အသက်လဲ ၄၀ကျော်ပဲ ရှိပါသေးတယ်။ သူဟာ မဆလပါတီယူနစ်ဥက္ကဋ္ဌဖြစ်ခဲ့ပါတယ်။ မဆလခေတ်မှာ ကျိုက္ခမိသံဖြူဇရပ်နယ်ဟာ မှောင်ခိုစီးပွားရေး ကောင်းခဲ့ပါတယ်။ ဒါပေမယ့် ဦးတင်ထွန်းဟာ ကိုယ်ကျိုးမရှာခဲ့ပါဘူး။ ကိုယ်ပိုင် အိမ်တောင် မရှိခဲ့ပါဘူး။ မြို့စွန်က ခြံငယ်လေးထဲမှ ဝါးတဲငယ်နဲ့ နေထိုင်ခဲ့ပါတယ်။ ဦးတင်ထွန်းဟာ သူ့ဘဝကို မဆလပါတီနိုင်ငံရေး ထဲမှာ မြှုပ်နှံထားသူဖြစ်တာမို့ သူ့အမျိုးသမီးနဲ့လဲ နှစ်နဲ့ချီပြီး သီးခြားစီ နေထိုင်ကြပါတယ်။ သားသမီးလဲ မရှိပါဘူး။ ဦးတင်ထွန်းဟာ ကိုယ်ကျိုးမရှာတတ်တဲ့ ဒေါင်ဒေါင်မြည်နိုင်ငံရေးသမား တစ်ယောက်ဖြစ်တယ်ဆိုတာကို ကျိုက္ခမိနယ်သားတွေ သိကြပါတယ်။ ဒါက NLD ပါတီကိုယ်စားလှယ် ဦးမောင်မောင်ကြီးနှင့် တစည ကိုယ်စားလှယ် ဦးတင်ထွန်းတို့ကို လူပုဂ္ဂိုလ်ချင်း နှိုင်းယှဉ်ပြတာပါ မစု။

မစုရေ – မစုရဲ့ NLD နဲ့ တစည ပါတီတို့ကိုလဲ ပါတီချင်း နှိုင်းယှဉ် ကြည့်ရအောင်။ NLD ဟာ ယခုမှ တက်သုတ်ရိုက်ပြီး ဖွဲ့စည်းခဲ့တဲ့ ပါတီဖြစ်တယ်။ နိုင်ငံရေးအတွေ့အကြုံ မရှိသေးပါဘူး။ NLD ပါတီဝင်တော်တော်များများဟာ NLD ရွေးကောက်ပွဲ နိုင်မယ်ဆိုတာ ရိပ်စားမိလို့ NLD အနိုင်ရရင် ငါတို့လဲ အကျိုးရှိမယ်ဆိုတဲ့ ကိုယ်ကျိုးရှာ အတ္တစိတ်နဲ့ NLD ထဲ ဝင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ခေတ်စကားနဲ့ပြောရရင် အဲဒီအချိန်က NLD ပါတီဝင် တော်တော်များများဟာ သာကူးတွေ၊ သာပေါင်းတွေ ဖြစ်ကြပါတယ်။

တစည ပါတီကတော့ တစ်ချိန်က စီးပွားရေးမူဝါဒ အလွဲအမှားတွေနဲ့ တိုင်းပြည်ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်အောင် လုပ်ခဲ့တဲ့ မဆလပါတီကို အမည်ပြောင်းထားတဲ့ ပါတီဖြစ်တယ်။ သို့သော် တစည ဟာ သူတို့ပါတီရဲ့အမှားတွေကိုသိခဲ့ပြီး စီးပွားရေးမူဝါဒတွေကို ပြောင်းခဲ့တယ်။ ပုဂ္ဂလိက ကဏ္ဍကိုဦးစားပေးရန်၊ ဈေးကွက်စီးပွားရေးကို ဖော်ဆောင်ရန် မူဝါဒချမှတ်ခဲ့တယ်။ တစည ပါတီဟာ နိုင်ငံရေး အတွေ့အကြုံ အနှစ်၂၀ကျော် ရပြီးလဲ ဖြစ်တယ်။ တင်စားပြီး ပြောရရင် NLD ဟာ ပျိုမျစ်နုငယ်တဲ့ ဆယ့်ခြောက်နှစ်သမီး အပျိုစင်လေးတစ်ယောက်နဲ့ တူတယ်။ တစည ကတော့ မိမိအမှားကြောင့် အိမ်ထောင်ပျက်သွားရတဲ့ တစ်ခုလပ် အမျိုးသမီးနဲ့တူတယ်။ ဒါကြောင့် ဦးနှောက်နဲ့ဆုံးဖြတ်ရွေးချယ်မယ်ဆိုရင် တစည ကိုပဲ ရွေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ သို့သော်လဲ ဆယ့်ခြောက်နှစ်သမီး NLD အပျိုစင်လေးဟာ အဲဒီတုန်းက မြန်မာလူထုကို ရင်ခုန်စေခဲ့တာတော့ အမှန်ပါပဲ မစု။

မစုရေ – ရွေးကောက်ပွဲ မတိုင်မီ ကျွန်တော်ခရီးသွားစရာရှိလို့ ကြိုတင်ဆန္ဒမဲ ထည့်သွားခဲ့ရတယ်။ ကျွန်တော်မဲပေးလိုက်တာကတော့ တစည ကိုယ်စားလှယ် ဦးတင်ထွန်းကိုပါပဲ။ မစုသာ ကျွန်တော့်နေရာမှာဆိုရင် ဘယ်ပါတီကိုယ်စားလှယ်ကို မဲပေးမလဲ မစု။ မစုဟာ ကျွန်တော့်ထက် ပညာတွေအများကြီး တတ်ပါတယ်။

နိုင်ငံတကာအတွေ့အကြုံလဲ အများကြီးရှိပါတယ်။ ဒါ့ကြောင့် မစုဟာ ကျွန်တော့်လိုပဲ တစည ကိုယ်စားလှယ် ဦးတင်ထွန်းကိုပဲ မဲပေးလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

ရွေးကောက်ပွဲရဲ့အဖြေကတော့ မစုသိတဲ့အတိုင်း NLD ကိုယ်စားလှယ် ဦးမောင်မောင်ကြီး အနိုင်ရပါတယ်။ ကျိုက္ခမိနယ်သားတို့ ဘာမသိ ညာမသိတဲ့ NLD ကိုယ်စားလှယ် ဦးမောင်မောင်ကြီး အနိုင်ရတာကို ကြည့်ခြင်းအားဖြင့် NLD ကနေ အရွေးခံပါရင် မည်သူမည်ဝါပဲဖြစ်ဖြစ် အနိုင်ရမယ်ဆိုတာ သိသာထင်ရှားလှပါတယ်။ ကျိုက္ခမိနယ်သားအများ စုဟာ ဆယ့်ခြောက်နှစ်သမီး NLD ဆိုတဲ့အပျိုစင်လေးကို ရင်ခုန်စွဲမက် စိတ်လှုပ်ရှားပြီး နှလုံးသားနဲ့ ဆုံးဖြတ်မဲပေးခဲ့ကြပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

တစ်ပါတီစနစ်ကျင့်သုံးတဲ့ တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့မှာ ဘာနိုင်ငံရေးပြဿနာမှ မရှိလို့ ဖွံ့ဖြိုးတိုးတက် ကုန်ကြပါပြီ။ မြန်မာနိုင်ငံမှာကျတော့ မစုလုပ်ခဲ့တဲ့ နိုင်ငံရေးပြဿနာတွေရှိတာမို့ စီးပွားရေးပိတ်ဆို့တာတွေ ခံနေရပါတယ်။ မစုယူလာတဲ့ ချည်ခင်ရှုပ်ကြီးကို ရှင်းမနိုင်တဲ့အတွက် ကျွန်တော်တို့တစ်တွေ သူများနောက် ရောက်ကုန်ကြပါပြီ။ တကယ်လို့သာ ရှစ်လေးလုံးအရေး အခင်းမှာ မစုဟာ ပေါ်တော်မမူခဲ့ဘဲ အစ်ကိုကြီး အောင်ဆန်းဦးလို နိုင်ငံခြားမှာပဲ ရှိနေခဲ့ပါရင် တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့လို ၁၉၈၈ခုနှစ်ကတည်းက ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ယခုလောက်ဆို ဖွံ့ဖြိုးတိုးတက်နေပါပြီ။

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

အိမ်ထောင်ရေးမှာ နှလုံးသားနဲ့ ဆုံးဖြတ်တာကို ကျွန်တော် မပြောလိုပါဘူး။ အိမ်ထောင်ရေးမှာ နှလုံးသားနဲ့ဆုံးဖြတ်မိလို့ ထိခိုက်စရာရှိရင်လဲ ဆုံးဖြတ်သူတစ်ယောက်တည်းကိုသာ ထိခိုက်မှာပါ။ နိုင်ငံရေးမှာ ဒိန်းတလိန်းနတ် အဖမ်းစားခံရပြီး နှလုံးသားနဲ့ ဆုံးဖြတ်ကြရင်တော့ နိုင်ငံနှင့်လူမျိုးကို ထိခိုက်နစ်နာစေနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ် မစု။

မစုရေ– ယခုအခါ အသက်၄၀ကျော် ၅၀ကျော် ရောက်နေကြပြီဖြစ်တဲ့ ကျွန်တော့်လို မြန်မာနိုင်ငံသားတွေဟာ ကလေးဘဝကတည်းက ဖခင်ဗိုလ်ချုပ်ရဲ့သမီး အစ်မကြီးမစုကို အားကိုးတကြီး မျှော်လင့်ခဲ့ကြပါတယ်။ ကျွန်တော်တို့ အရွယ်ရောက်ပြီး မဆလစနစ်ကြောင့် ဒုက္ခသုက္ခဖြစ်နေရချိန်မှာလဲ မစုကိုတမ်းတဆဲပါပဲ။ ဒါပေမယ့် မစုက ပေါ်မလာခဲ့ဘူးနော်။

လူပေါ်လာဖို့ နေနေသာသာ ချောင်းဟန့်သံလေး တစ်ချက်တောင် မကြားခဲ့ရပါလားမစုရယ်။ မဆလခေတ်က တိုင်းပြည်ကြီး စီးပွားရေးချွတ်ခြုံကျပြီး မြန်မာနိုင်ငံသားတွေ ဒုက္ခဆင်းရဲ ရောက်နေတဲ့အချိန်၊ နိုင်ငံတော်ကြီး ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဖြစ်သွားတဲ့အချိန် နိုင်ငံအနှံ့မှာလဲ စစ်မီးတွေ တောက်လောင်ပြီး နိုင်ငံသားတွေသေကျေနေရတဲ့အချိန် တွေမှာ မစုကို ကျွန်တော်တို့ အားကိုးတကြီး မျှော်လင့်မိပါတယ်။ BBC, VOAတို့ကို ကျွန်တော် နေ့တိုင်း လိုလို နားထောင်ပါတယ်။ မစုရဲ့အသံကို တစ်ခါမှ မကြားမိပါလားမစုရယ်။ "ကျွန်မတို့ မြန်မာပြည်သူတွေ ဒုက္ခရောက်နေကြပြီ၊ ပုဂ္ဂလိကစီးပွားရေးကို အားပေးပါ၊ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးပါ"လို့ အင်္ဂလန်မှာ နေထိုင်တဲ့ မစုကသာ BBC ကနေ အော်လိုက်ရင် မစုအဖေကို လေးစားကြည်ညိုခဲ့ကြတဲ့ အဲဒီအချိန်က တာဝန်ယူနေကြတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ နားဝင်ကောင်း နားဝင်နိုင်ကြပါလိမ့်မယ်။ ကျွန်တော်တို့လဲ ဝမ်းသာအားတက်မိနိုင်မှာပါ။ ဒါပေမယ့် အဲဒီတုန်းက ဆင်းရဲဒုက္ခရောက်နေတဲ့ ကျွန်တော်တို့ နိုင်ငံသားတွေအတွက် မစုက ဘာမှလှုပ်ရှားမှု မလုပ်ခဲ့ဘူးနော်။ မစုဟာ အင်္ဂလန်ပြည်ကြီးမှာနေပြီး ကျွန်တော်တို့ကို မေ့လျော့ပစ်ပယ် ထားရက်တယ်နော်။ ငယ်ငယ်တုန်းက မစုကို အားကိုးတကြီး မျှော်လင့်မိတာကို တွေးမိတဲ့အခါ ကျွန်တော်ဝမ်းနည်း မျက်ရည်ဝဲခဲ့ရပါတယ်။ ဒီလို မစုကို မျှော်ကိုးမိခဲ့တဲ့ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ အပြစ်တင်မိပါတော့တယ်။

မစုရေ– ရှစ်လေးလုံးအရေးအခင်းကြီး ပေါ်ပေါက်ပြီး မဆလအစိုးရ ပြုတ်ကျမယ်ဆိုတာ သေချာသလောက်ရှိတော့မှ မစုလဲ ခါတော်မီ ပေါ်တော်မူခဲ့တယ်နော်။ ယခုဆို မစုပေါ်တော်မူခဲ့တာ ၁၈ နှစ်ကျော်ခဲ့ပါပြီ။ ဒီ ၁၈နှစ်အတွင်းမှာ ကျွန်တော်တို့နိုင်ငံသားတွေဟာ မစုပြောတဲ့၊ မစုဟောတဲ့ ဒီမိုကရေစီဆိုတာကို နားကြားရ၊ ဖြေရှင်းရ၊ ငြင်းခုံနေကြရပါတယ်။

ဒီလိုတစ်ချိန်တည်းမှာပဲ **တစ်ပါတီစနစ်ကျင့်သုံးတဲ့ တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့မှာ ဘာနိုင်ငံရေး ပြဿနာမှမရှိလို့ ဖွံ့ဖြိုးတိုးတက်ကုန်ကြပါပြီ။ မြန်မာနိုင်ငံမှာကျတော့ မစုလုပ်ခဲ့တဲ့ နိုင်ငံရေးပြဿနာတွေရှိတာမို့ စီးပွားရေးပိတ်ဆို့တာတွေ ခံနေရပါတယ်။ မစုယူလာတဲ့ ချည်ခင်ရှုပ်ကြီးကို ရှင်းမနိုင်တဲ့အတွက် ကျွန်တော်တို့တစ်တွေ သူများနောက်ရောက်ကုန်ကြပါပြီ။ တကယ်လို့သာ ရှစ်လေးလုံးအရေးအခင်းမှာ မစုဟာ ပေါ်တော်မမူခဲ့ဘဲ အစ်ကိုကြီး အောင်ဆန်းဦးလို နိုင်ငံခြားမှာပဲ ရှိနေခဲ့ပါရင် တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့လို ၁၉၈၈ခုနှစ်ကတည်းက ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ယခုလောက်ဆို ဖွံ့ဖြိုးတိုးတက်နေပါပြီ။**

ဒီအယူအဆဟာ ကျွန်တော်တစ်ယောက်တည်းရဲ့ အယူအဆ မဟုတ်ပါဘူး။ ကျွန်တော်သိတဲ့ မြန်မာနိုင်ငံသားတိုင်း ဒီလိုပဲယူဆကုန်ကြပါပြီ။ ကျွန်တော်ဟာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှာရှိတဲ့ ကျေးလက်ဒေသတွေမှာ နှစ်ရှည်လများ စီးပွားရေးလုပ်ကိုင်ခဲ့ပါတယ်။ မစု ပြဿနာရှာခဲ့တဲ့ ရွှေဘိုနယ်မှာတောင် ၂၀၀၃ ဖေဖော်ဝါရီမှ ဇူလိုင်လအထိ ကျွန်တော်နေထိုင်လုပ်ကိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်သော်လဲ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးကဲ့သို့ ရိုးရိုးကုပ်ကုပ်ပဲ နေပါတယ်။ အဆင့်အတန်းမခွဲခြားဘဲ ကိုယ့်နိုင်ငံသားတွေနဲ့ လက်ရည်တစ်ပြင်တည်း နေထိုင်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေ၊ မြန်မာနိုင်ငံသားတွေရဲ့ စိတ်နေစိတ်ထား အကျင့်စရိုက်တွေ၊ တွေးခေါ်ဆင်ခြင်နိုင်မှုတွေနဲ့ ဆန္ဒသဘောထားတွေကို သိရှိခွင့်ရခဲ့ပါတယ် မစု။

မစုရေ– ကျွန်တော်သိသလောက်ပြောရရင် ဒီနေ့မြန်မာနိုင်ငံသားတွေရဲ့ ဆန္ဒသဘောထားကတော့ ဟိုအရေး၊ဒီအရေးတွေကို ခဏဘေးဖယ်ထားပြီး နိုင်ငံတော်ကို တရုတ်နိုင်ငံတို့၊ ဗီယက်နမ်နိုင်ငံတို့လို ဖွံ့ဖြိုးတိုးတက်ချင်နေကြပါပြီ။ ဒါကြောင့် ဒီမိုကရေစီဘက်တော်သား တစ်ဦးဆိုတဲ့ မစုဟာ ကိုယ့်နိုင်ငံသားတွေရဲ့ ဆန္ဒသဘောထားကို လေးစားလိုက်နာတယ်ဆိုပါရင် ဟိုအရေး၊ ဒီအရေးတွေ ခဏထားပြီး မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး လုပ်ဆောင်သင့်ပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားလို့ ဆိုသူများနဲ့ မစုတို့နိုင်ငံရေး ပါတီတွေဟာ ဟိုအရေး၊ ဒီအရေးကို ကြည့်မနေဘဲ နိုင်ငံနှင့်လူမျိုး ချမ်းသာ ကောင်းစားရေး တစ်ခုကိုသာကြည့်ပြီး လုပ်ဆောင်ကြမယ်ဆိုရင် မစုတို့ ပြောပြောနေတဲ့ **"အမျိုးသား ရင်ကြားစေ့ရေး"**သည် **"ရင်ကြားစေ့" ရုံတင်မက "အမျိုးသား ရင်ချင်းကပ်ထားပြီးသား"** ဖြစ်နေပါလိမ့်မယ် မစု။

မစုရေ– နောက်ဆုံးအနေနဲ့ မစုကို ကျွန်တော်ပြောချင်တာကတော့ လူညီရင် **"ဤ"**ကို **"ကျွဲ"**ဖတ်လို့ရသည်လို့ ဆိုရိုးစကားရှိပါတယ်။ နိုင်ငံနှင့်လူမျိုး ချမ်းသာကောင်းစားရေးသည် **"ဤ"**ဖြစ်ပါတယ်။ နိုင်ငံနှင့်လူမျိုး ချမ်းသာကောင်းစားရေးဆိုသော **"ဤ"**ကို မစုတို့ NLDနဲ့ အပေါင်းအပါတွေက ကြွေးကြော်ပြီး ဒီမိုကရေစီဆိုတဲ့ **"ကျွဲ"**အဖြစ် မလုပ်ကြပါနဲ့တော့။ **"ဤ"**ကို **"ကျွဲ"**လုပ်နေကြရင်းနဲ့ပဲ ကျွန်တော်တို့ နိုင်ငံသားတွေ ဒုက္ခရောက်နေကြရပါပြီ။

မစုဟာ နိုင်ငံနှင့်လူမျိုးကို ချမ်းသာကောင်းစားစေချင်တယ်ဆိုရင် ဒီနေ့ ဒီအချိန်အခါမှာ မစု မဖြစ်မနေလုပ်ရမှာကတော့ အရှင်းရခက်လှတဲ့ မစုရဲ့ **"အမယ်စု ချည်ခင်"**ကြီးကို အိမ်နောက်ဖေးက အင်းလျားကန်ထဲသို့ လွှင့်ပစ်လိုက်ပါ။ ဒါဆိုရင် တိုင်းပြည်နှင့် လူမျိုးအတွက် အကောင်းဆုံးဖြစ်လာပါလိမ့်မယ်လို့ အကြံပြုလိုက်ရပါတယ်။ ။

တိရစ္ဆာန်ချစ်မြတ်နိုးသူများအား အကြိုက်တွေ့စေမည့် အိမ်မွေးတိရစ္ဆာန် ပြပွဲ ပြိုင်ပွဲ မကြာမီကျင်းပမည်

တွေ့ဆုံမေးမြန်းသူ – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၉

အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ ပြုလုပ်မည်ဟူသောထူးခြားသည့်သတင်းရရှိခဲ့၍ မြန်မာ့အလင်းသတင်းအဖွဲ့ ဘုရင့်နောင် လမ်းမနှင့် စက်မှုဆေးဝါးလမ်းထောင့်ကြို့ကုန်းရှိမြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံးသို့ ရောက်ရှိခဲ့သည်။

"မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အနေနဲ့ကတော့ ဒါပထမဆုံးအကြိမ် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ ကျင်းပတာပါ"
ဒေါက်တာခင်လှိုင်
တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်။

ကြိုတင်ပြင်ဆင်

ကျယ်ပြန့်သန့်ရှင်းသော ရုံးခန်းအတွင်းမြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တွဲဖက် အတွင်းရေးမှူး(၁) ဒေါက်တာခင်လှိုင်နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲအကြောင်းနှင့် ကြိုတင်ပြင်ဆင်မှုများကို တွေ့ဆုံမေးမြန်းခဲ့သည်။

"မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရဲ့ သတ္တမအကြိမ်နှစ်ပတ်လည်အစည်းအဝေးနဲ့တိုက်ပြီးအိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်းက ဒီပြပွဲပြိုင်ပွဲကို ပြုလုပ်မှာပါ။ ဒီလို ကျင်းပတာကလဲ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ကတော့ ပထမဆုံးအကြိမ်ဖြစ်ပါတယ်"ဟု ဒေါက်တာခင်လှိုင်က ပထမဦးစွာ မြန်မာ့အလင်းသို့ ရှင်းပြသည်။

၁၉၉၉ ခုနှစ်အောက်တိုဘာ ၂၄ရက်က စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သည် သက်တမ်း ခုနစ်နှစ်ကျော်ရှိခဲ့ပြီ ဖြစ်သည်။ "နှစ်ပတ်လည် အစည်းအဝေးတွေကို နှစ်စဉ်ပြုလုပ်ပါတယ်။ ဒီလိုလုပ်တိုင်း ပြခန်း ၂၀ ခန်းကျင်း ပြသပေးပါတယ်။ တိရစ္ဆာန်မျိုးတွေ၊ အစာနဲ့ ဆေးဝါးတွေ၊ မွေးမြူရေးလုပ်ငန်းသုံးဆက်စပ်ဆေးဝါးတွေ၊ ယူနီဆက်ဖ်နဲ့ပူးပေါင်းပြီး ကြက်ငှက် တုပ်ကွေးရောဂါဆိုင်ရာ ပြကွက်တွေကို ခင်းကျင်းပြသပေးခဲ့ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ဆောင်ရွက်

မြန်မာနိုင်ငံ အသားကဏ္ဍထုတ်လုပ်မှုတွင် ပုဂ္ဂလိကမွေးမြူသူများ၊ လုပ်ငန်းရှင်များ ကျယ်ပြန့်စွာ ပါဝင်အောင် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ကြိုးစားလျက်ရှိသည်။ ထို့အပြင် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် မွေးမြူခြင်း၊ သားစပ်ခြင်း၊ ဥဖောက်ခြင်း၊ တိရစ္ဆာန်ထွက်ပစ္စည်းသိုလှောင်ခြင်း၊ အစာနှင့် ဆေးဝါး လုပ်ငန်းသုံးကိရိယာများ တင်သွင်း၊ တင်ပို့ခြင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းစသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်နေသည်။

ပြပွဲပြိုင်ပွဲ

တစ်ဖန် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၌ မွေးမြူရေးဆိုင်ရာ အသင်းများ ၁၁ သင်းကို ဖွဲ့စည်းပေးထားပြီး အိမ်မွေးတိရစ္ဆာန် မွေးမြူသူများအသင်းက ယခုကဲ့သို့ ပြပွဲပြိုင်ပွဲ ကျင်းပရန် စီစဉ်ခြင်းပင်ဖြစ်သည်။

"အကောင်းဆုံးဆု သုံးသိန်း၊ ပထမဆု တစ်သိန်း၊ ဒုတိယဆု ခုနစ်သောင်းခွဲနဲ့ နှစ်သိမ့်ဆု ငါးသောင်းစီ ချီးမြှင့်မယ်"
ဒေါက်တာကျော်ဆန်းအောင်
အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲတာဝန်ခံ။

ထို့နောက် အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အိမ်မွေးတိရစ္ဆာန် ပြပွဲပြိုင်ပွဲကျင်းပရေးတာဝန်ခံတစ်ဦးလည်းဖြစ်သူ ဒေါက်တာကျော်ဆန်းအောင်နှင့် တွေ့ဆုံကာ ပြပွဲပြိုင်ပွဲနှင့် ပတ်သက်ပြီး မေးမြန်းရာ "အိမ်မွေးတိရစ္ဆာန် ပြပွဲပြိုင်ပွဲကို ဇန်နဝါရီ ၂၀ရက်နဲ့ ၂၁ရက်တွေမှာ ကျင်းပမယ်။ပြိုင်ပွဲသုံးမျိုးပါဝင်ပြီး အဲဒီပြိုင်ပွဲတွေကတော့ ခွေးအလှပြိုင်ပွဲ၊ အလိမ္မာပြိုင်ပွဲနဲ့ ကြောင်ပြိုင်ပွဲတွေဖြစ်ပါတယ်။ ခွေးအလှပြိုင်ပွဲမှာတော့ ခွေးငယ်၊ ခွေးလတ်နဲ့ ခွေးကြီးဆိုပြီး အရွယ်အစား သုံးမျိုးခွဲခြားထားပြီး၊ ကြောင်မှာတော့ မခွဲခြားထားပါဘူး" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အကဲဖြတ် အမှတ်ပေးမှုတွင်လည်း ကျန်းမာရေးဆိုင်ရာမွေးမြူရေးနှင့် ကုသရေး ဆရာဝန်များ၏ အကဲဖြတ်မှုအမှတ် ၃၀နှင့် ပြိုင်ပွဲကြီးကြပ်ဒိုင်လူကြီးများ၏ အကဲဖြတ်မှုမှာ အမှတ်၇၀ပေးမည်ဟု သိရသည်။

"အမှတ်ပေးတဲ့နေရာမှာ ပြိုင်ပွဲဝင် တိရစ္ဆာန်တွေဟာ သွင်ပြင်လက္ခဏာ ပြည့်စုံရမယ်၊ အချိုးအစားကျရမယ်၊ လမ်းလျှောက်ပုံနှင့် ပင်ကိုအမူအရာ ကောင်းရမယ်၊ မျိုးပွားအင်္ဂါတွေ ပြည့်စုံစွာ ပါရပါမယ်။ ဒါက ခွေးအလှပြိုင်ပွဲအတွက်ပါ၊ အလိမ္မာပြိုင်ပွဲအတွက်ကတော့ ခေါ်ရင်လာရမယ်၊ လူ့ဘေးကပ်ရပ်ခြင်း၊ ထိုင်ခြင်းနဲ့ ဝပ်ခြင်း၊ အနည်းဆုံး သုံးမိနစ်အငြိမ်နေရမယ်၊ နောက်ပြီး တန်းခုန်ပြခြင်းဆိုတဲ့အချက်တွေကို လုပ်ပြရမယ်။ ဒါ့အပြင် စိတ်ကြိုက် အလိမ္မာပြကွက်တွေကိုလဲ ပြသနိုင်ရမယ်၊ ကြောင်ပြိုင်ပွဲလဲ ဒီလိုပါပဲ"ဟု ဒေါက်တာ ကျော်ဆန်းအောင်က ဆက်လက်ရှင်းပြသည်။

ယှဉ်ပြိုင်

အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲတွင် ခွေးအမျိုးအစား၊ အုပ်စုများခွဲခြားထားသလို ကြောင်ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံတွင် အများဆုံး မွေးမြူသော ကြောင်အမျိုးအစားများသာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့အပြင် ဆုပေါင်း ၁၅ဆု ချီးမြှင့်မည်ဖြစ်ရာ အကောင်းဆုံးဆု ကျပ်သုံးသိန်း၊ ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်းခွဲနှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ကျပ်ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။ ဆုရသည့် တိရစ္ဆာန်များမှာ ဆုတံဆိပ်အပြင် ဆေးများ၊ အစာများကိုလည်း ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

"ပြိုင်ပွဲဝင်ဖို့အတွက်ကတော့ ပြိုင်ပွဲဝင် လျှောက်လွှာတွေကို ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထားပြီး အရောက်ပို့ပေးရမှာဖြစ်ပြီး မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ပေးပို့ရမှာ ဖြစ်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယှဉ်ပြိုင်နိုင်ရေး

ယခုပြပွဲပြိုင်ပွဲပြုလုပ်ခြင်းမှာ အိမ်မွေးတိရစ္ဆာန်ချစ်သူများ၊ ဝါသနာရှင်များ ချစ်ကြည်ရင်းနှီးမှုနှင့်အသိပညာဖလှယ်နိုင်ရန်၊ အိမ်မွေးတိရစ္ဆာန်နှင့်ဆက်စပ်သော စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်ပသို့တင်ပို့ရောင်းချနိုင်ရန်၊ လူသားတို့အား အကျိုးပြုအထောက်အကူပေးနိုင်သော တိရစ္ဆာန်များ လေ့ကျင့်မှုနည်းပညာများ မြင့်မားလာစေရေး (Guard dog၊ မျက်မမြင်လမ်းပြ၊ ပစ္စည်းရှာ၊ ကြက်ခြေနီခွေး)နှင့် ပြည်တွင်းပြည်ပအဆင့်အတန်း ပြည့်မီသည့် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးတို့ ဖြစ်ပေါ်လာစေရေးပင်ဖြစ်သည်။

အခွင့်အရေး

ထို့အပြင် အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲတွင် လာရောက်ကြည့်ရှုမည့် တိရစ္ဆာန်များအား အခမဲ့ကျန်းမာရေးကုသပေးမည်ဖြစ်ပြီး ဆုရတိရစ္ဆာန်များနှင့်တွဲပြီး ဓာတ်ပုံရိုက်နိုင်ရန်လည်း စီစဉ် ဆောင်ရွက်ပေးထားမည်ဖြစ်ရာ အိမ်မွေးတိရစ္ဆာန် ချစ်မြတ်နိုးသူများအတွက် အခွင့်အရေး တစ်ရပ်ဖြစ်ပါကြောင်း ရေးသား ဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

"အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသော ခွေးတစ်ကောင်အား ဤသို့ တွေ့ရသည်" ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

မျိုးချစ်ပြာသို လခွာညို

မြောက်လေရစ်သန်း၊ ချမ်းမြပြာသို
ယဉ်စွာဖူးပွင့်၊ ထူးတင့်ပန်းခွာညို
အအေးဓာတ်ပို၊ နှင်းရည်စိုမြ
စပါးတောင်နှယ်၊ ရွှေရောင်ခြယ်
ဖြိုးကြွယ်ပုံသား၊ လှသည့်တည့်လေး။
စစ်ချီစစ်ထွက်၊ စစ်ဘက်ဂုဏ်ပြုချင်
တပ်မတော်ကြီး၊ ဖွဲ့စည်းရှေ့တန်းတင်
တိုင်းပြည်သခင်၊ ကယ်တင်ရှင်အစစ်။ ။

ဧွေးသစ်လွင်(ပရိမ္မ)

ငွေနှင်းစိုစို လပြာသိုသို့ ရောက်လေတိုင်း ခေတ်သစ်မြန်မာ့တပ်မတော်ကြီး အဦးအစ ဘီအိုင်အေ တပ်မတော်ကြီးကို လေးစားဂုဏ်ပြုဂုဏ်ယူနေမိခဲ့သည်။

ပြာသိုလကို မကာရ ရာသီဟုခေါ်၏။ ကောင်းကင်ပြင်တွင် ငွေလစန္ဒာမင်းနှင့် ရွှေရောင်အဆင်းရှိသော ဖုသျှနက္ခတ်တို့ ယှဉ်ပြိုင်မွန်းတည့်၏။ နေမင်းသည် ဥတ္တရာသဠ် နက္ခတ်နှင့် ယှဉ်ပြိုင်သည်။ ပုစ္ဆန်တာရာ ထွန်းပသောလဖြစ်သည်။ ပြာသိုလသည် "နေ့ဝါဆို၊ ညပြာသို"ဆိုသည့်အတိုင်း နေ့တာတို၍ ညတာရှည်သော ရက်စုံလဖြစ်သည်။

ထက်ဝဠာအဇ္ဈောတစ်ခွင်မှ နှင်းမြူတို့သည် ကျဆင်းသည်ထက် ကျဆင်း၍လာသည်။ ဟေမန္တရာသီ၏ သဘာဝသရုပ်သည် အထူးပင် ပေါ်လွင်ခဲ့လေပြီ။ ဆောင်းဥတု၏ အလယ်ဖြစ်သဖြင့်လည်း အအေးဓာတ်က ထွေးပတ်လာခြင်း ဖြစ်လေသည်။ အကာလညအခါ မြူနှင်းတို့ ထန်နေဆဲကာလ စန္ဒာလမင်းကြီးမှာ ဖုသျှနက္ခတ်နှင့် ယှဉ်ပြိုင်ကာ မိမိ၏ရောင်ရှိန်ကို အစွမ်းကုန်လွှတ်ရာသော်လည်း လမင်း၏အလင်းရောင်မှာ မြူနှင်းတို့ကို မဖောက်ထွင်းနိုင်ဖြစ်နေသည်။

ထိုအချိန်တွင်ပင် နှင်းကိုသောက်သုံးရသဖြင့် မြိုင်ယံအလုံး၌ ပန်းခွာညိုတို့၏ရနံ့မှာ သင်းပျံ့နေသည်။ ပြာသိုနှင့် ခွာညိုမှာ မည်သည့်အခါတွင်မျှ ခွဲခြား၍မရပေ။ ရေကျေးရေငှက်တို့ သောင်းသောင်းသဲသဲ ပျော်မြူးကြချိန်တွင် ပန်းခွာညိုကလည်း လန်းဖြာလျက် အလှဓာတ် ဝေဆာတတ်လေသည်။

ဗေဒင်အခေါ်အားဖြင့် ဤလကို"မကာရ"ရာသီခေါ်သည်။ မကာရမှ မကရ်း(မကန်း)ဖြစ်သည်။ "ရေထမ်းသများ"ဟု ခေါ်ကြသေးသည်။ ရေသတ္တဝါဖြစ်သော ငါးတစ်မျိုးဖြစ်သည့် မကန်းနှင့်တူသော ရာသီသို့မဟုတ် မကန်းတို့ နှစ်သက်သောလဟု ဆိုလိုပေသည်။

"ပြာသိုတချက်တလင်းပျက်"ဟူ၍လည်းကောင်း၊ "ပြာသိုချမ်းပြင်းဆီးနှင့်ရောယှက်နှမ်းပုံဖျက်"ဟူ၍ လည်းကောင်း၊ ပြာသိုလတွင်လည်း နှင်းမိုးရှိသည့်အကြောင်း ရှေးမြန်မာကြီးတို့ စာဆိုရှိခဲ့သော်လည်း ပြာသိုလ၏ မိုးကောင်းကင်သည် အများအားဖြင့် ကြည်လင်နေလေ့ရှိသည်။

ပြာသိုလသည် မြန်မာလများတွင် ဆယ်လမြောက်ဖြစ်ပြီး ဆောင်းဥတု၏အလယ်ဗဟိုကျသောကြောင့် အလွန်ချမ်းအေးကာ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတွင် ကျရောက်သည်။

မြန်မာနိုင်ငံ၏ ဒီဇင်ဘာလကျရောက်သော ဆောင်းရာသီခွင်တွင် အေးမြသာယာလွန်းသဖြင့် နိုင်ငံနှင့်အဝန်း နှင်းမှုံငွေ့ရည်တို့ကြားတွင် နိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာရေးလေ့ကျင့်၍ အားကစားပြုလုပ်ကြသည်။ ကျန်းမာကြံ့ခိုင်ရေးလှုပ်ရှားမှုဖြင့် လူငယ်တို့၏အားမာန်များလည်း နိုးကြားတက်ကြွလာသည်။ ဒီဇင်ဘာလကို အားကစားလအဖြစ် မြန်မာတို့ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဆောင်းရာသီတွင် အအေးဓာတ်သက်သာသော မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်ကား ကြည်လင်သည့် ပွင့်လင်းရာသီဖြစ်၏။ ခြေခင်းလက်ခင်းသာသော ရာသီဖြစ်၏။ ထို့ကြောင့် ပွဲလမ်းသဘင်များ ပေါများလှသည်။ ပျော်ပွဲရွှင်ပွဲများ ပေါများလှသည်။

ပြာသိုလတွင် သာယာသောနံနက်ခင်းနှင့် ညနေခင်းများတွင် လမ်းလျှောက်သူများ၊ အပြေးလေ့ကျင့်သူများ၊ လေ့ကျင့်ခန်းပြုလုပ်သူများ၊ ကိုယ်လက်လှုပ်ရှား အားကစား လိုက်စားသူများနှင့် စည်ကားနေလေ့ရှိပေသည်။ သူတို့၏လှုပ်ရှားမှုများက ဆောင်းအလှကို ပို၍တင့်တယ်စေပေသည်။

ဤရာသီတွင် ရှေးခေတ်မြန်မာ့သူရဲကောင်းတို့သည် မိမိတို့၏ နိုင်ငံတော် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်ရေးအင်အားကိုပြသည့် အနေဖြင့် ဆင်ခင်း၊ မြင်းခင်းသဘင်ကို ဆင်ယင်ခဲ့လေတော့သည်။

ငွေနှင်းစိုစို ခွာညိုနံ့ တသင်းသင်းနှင့် ခြေခင်းလက်ခင်းသာယာချိန်တွင် ရှေးမြန်မာဘုရင်မင်းမြတ်တို့၏ မြင်းစီးသူရဲကောင်း ဓားရေး၊ လှံရေးကောင်း၊ ယောကျ်ားကောင်းများရွေးချယ်ပွဲကို ရာသီပွဲတော်အဖြစ်ကျင်းပလေ့ ရှိသည်။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

မြန်မာမင်းများ လက်ထက်တော်အခါက ပြာသိုလတွင် မြင်းခင်းသဘင်ပွဲ ကျင်းပလေ့ရှိသည်။ မြန်မာမင်းများ၏ တပ်မတော်တွင် ခြေလျင်တပ်၊ မြင်းတပ်၊ ဆင်တပ်စသည်ဖြင့် ဖွဲ့စည်းထားသည်။ ယင်းတို့အနက် မြင်းစီးစစ်သည်များ တစ်နည်းအားဖြင့် မြင်းတပ်၏အရည်အချင်းကို ပြသည့်ပွဲပင် ဖြစ်သည်။ မြင်းခင်းသဘင်ပွဲ၌ မြင်းရေးပြ၊ အလှမြင်းစီးနည်း (၃၇)မျိုးရှိသည်။ ထိုနည်းတူပင် တိုက်ပွဲဝင်မြင်းသည်တော်များ မြင်းပေါ်တွင် ကိုင်ဆောင်အသုံးပြုသည့် အဲမောင်းလှံရေးလည်း (၃၇)မျိုးရှိသည်။

မြင်းခင်းပြရာတွင် စက်တိုင်ကို ကွင်းလယ်၌ စိုက်ထူထားသည်။ ထိုစက်တိုင်တွင် ပစ်မှတ်စက်ဝန်းများ အဆင့်ဆင့်ချိတ်ဆွဲထားသည်။ မြင်းစီးစစ်သည်သည် စက်တိုင်စီသို့ မြင်းနှင့်စီးနင်း ဝင်ရောက်သွားပြီး လှံလျင်ခေါ် လှံတိုဖြင့် စက်ဝန်းမှာ စွဲအောင်ပစ်ရသည်။ အဲမောင်းလှံရေးပြရာတွင် လှံရှည်ကိုင်ဆောင်၍ လှံရေးပြရသည်။ စက်ဝန်းကို ပစ်ခတ်ရာတွင်မူ လှံလျင်ကို ကိုင်ဆောင်ကြရသည်။ ထိုသို့ မြင်းရေး ခင်းကျင်းနေစဉ် ဆိုင်းဝိုင်းက မြင်းရေးတီးချက်များဖြင့် စိတ်တက်ကြွဖွယ်ဖြစ်အောင် တီးမှုတ်ရသည်။

မြန်မာ့ရိုးရာ မြင်းခင်းသဘင်၏ အကြောင်းကို ဤလ၊ ဤရာသီရောက်တိုင်း သတိရ တမ်းတ နေမိပါသည်။

မြင်းစီးနင်းရာတွင် ရာထူးအဆင့်အတန်းအလျောက် ချီးမြှင့်ခံရသည့် အဆောင်အယောင်များရှိလျှင် ရှိသည့်အလျောက် ဝတ်စားဆင်ယင်ရသည်။ မြင်းများတွင်လည်း ကကြိုးတန်ဆာ စုံလင်ရသည်။ မြင်းခင်းသဘင်ဝင်ရောက်ရာတွင် လိုအပ်သည့် အဆောင်အယောင်များ ပြည့်စုံရသည်။ မပြည့်စုံလျှင်ဖြစ်စေ၊ စက်တိုင်သို့ လှံပစ်လွှတ်ရာ၌ ချွတ်ယွင်းတိမ်းချော်လျှင်ဖြစ်စေ ရာဇဝတ်ဒဏ်သင့်သည်။ အပြစ်ပေးခံရသည်။ ထို့ကြောင့် မြင်းခင်းသဘင် ကျင်းပခြင်းသည် ပေါ့ပေါ့တန်တန် သာမန်စစ်ရေးပြလေ့ကျင့်မှုမျှသာ မဟုတ်ချေ။ ရှင်ဘုရင်ကိုယ်တိုင် တက်ရောက်သည့် အခမ်းအနားဖြစ်ပြီး စစ်သည်၏ အရည်အချင်းကို စစ်ဆေးသည့် ပွဲသဘင်ဖြစ်သည်။

ရှေးမြန်မာမင်းများလက်ထက်တွင် စစ်ပွဲများ၌ ဆင်စီးချင်း၊ မြင်းစီးချင်း စစ်ထိုးတတ်ကြကြောင်း ရာဇဝင်ကျမ်းများ၌ ရေးသားဖော်ပြထားသည်။ ထို့ကြောင့် မင်းနှင့်တကွ မင်းညီမင်းသားများ၊ ဗိုလ်မှူး၊ တပ်မှူးများသည် ဆင်စီး၊ မြင်းစီး၊ လေးမြား၊ လှံ၊ ဓားအတတ်တို့ကို ပိုင်နိုင်ကျွမ်းကျင်ကြရသည်။ ကျွမ်းကျင်မှုရှိအောင်လည်းအမြဲတစေ လေ့ကျင့်အားထုတ်နေကြရသည်။ ယင်းလေ့ကျင့်မှုစွမ်းရည်ကို စစ်ဆေးသည့် ပွဲအဖြစ် ပြာသိုလတွင် စစ်ရေးပြပြိုင်ပွဲများ ရှေးအခါက ကျင်းပခဲ့ကြခြင်းဖြစ်သည်။ မင်း၊မိဖုရားတို့က ပြိုင်ပွဲတွင်ထူးချွန်သူအား ကိုယ်တိုင်ကိုယ်ကျ ဆုများချီးမြှင့်တတ်ကြပေသည်။

ပြာသိုလသည် နိုင်ငံတော်အတွက် အသက်သွေးခဲတမျှ အရေးကြီးလှသော မြန်မာ့တပ်မတော်ကြီး၏ စွမ်းရည်သတ္တိကို ပြသသောပွဲဖြစ်သည်။ တော်သလင်းလတွင် မြန်မာရေတပ်မတော်ကြီးသည် မိမိတို့၏ စွမ်းရည်သတ္တိကို ပြသောအနေဖြင့် လှေပွဲသဘင်ကို ကျင်းပခဲ့သည်။ ပြာသိုလတွင် မြန်မာ့ကြည်းတပ်မတော်တွင် ပါဝင်သောဆင်သည်၊ မြင်းသည်၊ လေးသည်၊ ခြေသည်တော်တို့သည် သတ္တိစွမ်းပကားကို ပြသည့်အနေဖြင့် ဆင်ခင်း၊ မြင်းခင်း သဘာဝကို ပြသည့်အနေဖြင့် ဤပွဲသဘင်ကို ခင်းကျင်းလေသည်။

အမှန်အားဖြင့် ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် လူဦးရေများပြားသော နိုင်ငံကြီးများကြားတွင် ရှိနေပေသည်။

သမိုင်းစဉ်တစ်လျှောက်လုံး ပြည်သူတို့၏ နှလုံးရည်၊ လက်ရုံးရည်ကိုသာ အားကိုးပြုကာ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်ဖြင့် နိုင်ငံတော်ပြိုကွဲယိုင်နဲ့ခြင်း မရှိစေရန် အားသွန်ကြိုးပမ်းခဲ့သည်။ သူရသတ္တိအပြည့်အဝဖြင့် မြန်မာ့ဦးစွန်းကို တည်ဆောက်ခဲ့သည်။ ယင်းသို့တည်ထောင်ရာတွင် အချိန်မရွေး အသင့်ဖြစ်စေရန် မြန်မာ့တပ်မတော်ကြီးမှာ နိုးနိုးကြားကြားရှိခဲ့သည်။ စစ်အင်၊စစ်ကျင်း၊စစ်ခင်း၊စစ်တက်၊စစ်ရေးကိစ္စအတွက် လေ့ကျင့်မှု အပြည့်အဝရှိသည်။ ထို့ကြောင့်လည်း ကမ္ဘာ့ဇမ္ဗူတွင် မြန်မာလူဟုတံခွန်ကို လွှင့်ဆောင်စိုက်ထူနိုင်ခဲ့ခြင်း ဖြစ်သည်။

ရှေးမြေရှင် ပဒေသရာဇ်ခေတ်က မြန်မာဘုရင်များသည် ငွေနှင်းစိုစို လပြာသိုတွင်မြင်းခင်းသဘင်ပွဲတော်ကို နန်းရင်ပြင်၌ ရာသီပွဲတော်အဖြစ်ကျင်းပလေ့ ရှိကြသည်။ ထိုပွဲတော်ကား အခြားရာသီပွဲတော်များကဲ့သို့ ရက်ပိုင်းမျှ ကျင်းပသောပွဲမျိုးမဟုတ်။ ပြာသိုလ တစ်လလုံးလုံး ကျင်းပသောပွဲတော်ဖြစ်သည်။ မြင်းခင်းသဘင်ပွဲဟု အမည်တပ်ထားသော်လည်း ကျင်းပသောပွဲများမှာ မြင်းခင်းတစ်ခုတည်းသာ မဟုတ်ဘဲ ဆင်စမ်း၊ မြင်းစမ်း၊ လေးစမ်း၊ ဓားခုတ်၊ လှံထိုး၊ စက်ထိုး၊ ဗလီခတ်၊ သေနတ်ပစ်နှင့် သိုင်းအမျိုးမျိုးတို့ကို တစ်ပွဲပြီးတစ်ပွဲ ကျင်းပသွားခြင်း ဖြစ်သည်။

မြင်းခင်းသဘင်ပွဲသည် သူရသတ္တိနှင့်တကွ လက်ရုံးရည်ဘက်တွင် ထူးချွန်သူတို့၏ အရည်အချင်း ပြပွဲကြီး(ဝါ)သူရဲကောင်း ရွေးပွဲကြီးတစ်ရပ်ဖြစ်သည်။

မြင်းခင်းပွဲတော်သည် သက္ကရာဇ် ၆၇၄ခုနှစ်တွင် ပင်းယ တစီးရှင်သီဟသူ လက်ထက်က စတင်ပေါ်ပေါက်လာခဲ့သည်။

ဘိုးတော်ဘုရား လက်ထက်က ပညာရှိများကမူ မြင်းခင်းသဘင်ပွဲသည် ဒုတိယအင်းဝခေတ်အစ ညောင်းရမ်းမင်းလက်ထက်တွင် ကျင်းပခဲ့ကြကြောင်း မှတ်တမ်းတင်ခဲ့သည်။

သရဘမိဇာတ်တော်တွင် ဗာရာဏသီမင်းသည် စက်ထိုးစက်ကွင်းပစ် (အမှတ်ပစ်)ကစားရန် ပုရောဟိတ်နှင့် တကွ မှူးမတ်စစ်သည်အပေါင်း ခြံရံလျက် ဥယျာဉ်တော်သို့ ထွက်တော်မူကြောင်း ပါရှိပေသည်။ ပါဠိအဘိဓာန်ကျမ်းတွင်လည်း စစ်အင်္ဂါလေးပါး ပြဆိုခန်း၌ မှတ်တိုင်စက်ခွက်အနက် အဓိပ္ပာယ်ရှိသော လက္ခ၊ ဝေဇ္ဈ၊ သရဗျဉ္ဇပုဒ် သုံးပုဒ်တို့ကို ဖော်ပြထားသည်။ ထို့ကြောင့် ဆရာတော်က စက်ထိုးစက်ပစ် မြင်းခင်းသဘင်သည် ရှေးအခါကပင် ရှိခဲ့သည်ဟု ပြောကြားခြင်းဖြစ်ပေသည်။

ပြာသိုလတွင် မြန်မာ့လွတ်လပ်ရေးအောင်ပွဲနှင့်လည်း တိုက်ဆိုင်ကြုံကြိုက်လျက်ရှိသည်။ မြန်မာတို့သည် နှစ်ပေါင်း ၁၀၀ကျော် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်ကာလတွင် ဤချမ်းဆောင်းမာသ ပြာသိုလတွင် မြန်မာ့လွတ်လပ်ရေးကြီး ပြန်လည်ရရှိခဲ့သည်။ မြန်မာတို့ တပ်မတော်မရှိဘဲ နှစ် ၁၀၀ကျော် နေထိုင်ခဲ့ရာမှ ဤလတွင် ဘီအိုင်အေ ခေါ် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ အမျိုးကို စောင့်စည်းသော၊ ကာကွယ်စောင့်ရှောက်သော၊ လွတ်လပ်ရေးကို ရယူပေးနိုင်သော ပြည်ထောင်စုရင်သွေး တိုင်းရင်းသား သူရဲကောင်းများဖြင့် ဖွဲ့စည်းထားသော တပ်မတော်ကြီးပေါ်ထွန်း တည်ရှိပြီဖြစ်၍ ကမ္ဘာ့ အလယ်တွင် တိုင်းပြည်၏ ဂုဏ်၊ လူမျိုး၏ဂုဏ်မြင့်တက်ခဲ့ပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ **ချမ်းဆောင်းမာသ ဟေမန္တ၏ ငွေနှင်းစိုစို လပြာသိုသည် မျိုးချစ်ပြာသို လခွာညို**ဟုလည်း ခေါ်ဆိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စဉ့်ကိုင်မြို့နယ် နွယ်သာကီ တံတားဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က အဆိုပါလမ်းမှန်ဦး၌ ကျင်းပရာ စဉ့်ကိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်တုန်းမြို့နယ် အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ ဦးစီးအရာရှိ ဦးတိုးအောင်လွင် ဦးစီးသောဝန်ထမ်းများ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးအောင်မြသန်းနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ဇန်နဝါရီ ၂ရက်က ညောင်တုန်းမြို့မ စည်ပင်သာယာဈေးကြီးတွင် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (ဝ၉၈)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြသန့်ရှင်းသာယာလှပရေး အတွက် အဓိကလမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းကို ဒီဇင်ဘာ ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်) ဦးဖြိုးဝေအောင်နှင့် အဖွဲ့ဝန်ထမ်းများ သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မိခင်ကြီးဒေါ်ခင်မြင့်အားရည်စူး၍ ရန်ကုန်မြို့ လှည်းတန်းလမ်း အမှတ်(၁၀၅)နေ ဦးအောင်ဌေး-ဒေါ်စန်းစန်းမြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက် ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူးဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆုတောင်းပြည့်စေတီတော် ဘက်စုံပြုပြင်ရန်ငွေလှူဒါန်း

တောင်တွင်းကြီး ဒီဇင်ဘာ ၆

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပြည့်ညင်ကျေးရွာ ပြည်တော်အေး ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်၊ ကိုယ့်အားကိုယ်ကိုး နဝရတ်စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာဆေးပေးခန်းတို့အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၈ရက် နံနက်၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်ဦးအေးခိုင် ဇနီးမနန်းထူး၊ သမီးမဝင်းရွှေဝါ မိသားစုက ပြည်တော်အေး ဆုတောင်းပြည့်စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ်ဆယ်သိန်း၊ နဝရတ်စာကြည့်တိုက်အတွက် အလှူငွေကျပ်ငါးသောင်းနှင့် ကျေးရွာဆေးပေးခန်းအတွက် အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံ ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒါရိုက်တာဦးနေဝင်း-ဇနီးဒေါ်အေးမွန် Arrow Myanmar Enterprtst Ltd.တို့အား အမှူးထား၍ ထွင့်ခေါင်ဝင်းစက်လှေ ဦးမောင်ဦးနှင့် လုပ်သားများ ကောင်းမှု မော်လမြိုင်မြို့က အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဇနက(ထီးချိုင့်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး အဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်ပွဲလားရှိုး၌ ကျင်းပ

လားရှိုး ဇန်နဝါရီ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာနှင့် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၁၀နာရီက လားရှိုးဒီဂရီကောလိပ်၌ ကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ချယ်ရီက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင့်ဝင့်နိုင်က အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများ၊ ဖွဲ့စည်းပုံနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်နှင့် ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ဟောပြော

ထို့နောက် လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ဝိုင်းလပ်လိတ်က လူကုန်ကူးမှုဆိုင်ရာ ဥပဒေများနှင့် ပြစ်ဒဏ်များအကြောင်း ရှင်းလင်းဟောပြောပြီး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်မိုးမိုးခိုင်က လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် ကျောင်းသူများသိရှိ နားလည်ရန်နှင့် မိမိကိုယ်ကို တန်ဖိုးထား ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်စေရန် အသိပညာပေး ဟောပြောသည်။

ပေးအပ်

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ချယ်ရီထံသို့ ကောလိပ်အသီးသီးမှ အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ရာ လားရှိုးဒီဂရီကောလိပ်မှ ၁၂၀၊ အစိုးရကွန်ပျူတာကောလိပ်မှ ၁၀၀၊ အစိုးရနည်းပညာကောလိပ်မှ ၁၀၀ စုစုပေါင်း အဆိုပြုလွှာ ၃၂၀ကို ပေးအပ်ကြသည်။ **(က-ပ)**

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေး(ပြည်နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်

စစ်တွေ ဇန်နဝါရီ ၂

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေး(ပြည်နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ၂၁ရက် နံနက်၈နာရီက စစ်တွေမြို့ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံက အဖွင့်အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်နှင့် ကျန်းမာရေးဦးစီးဌာနမှူး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးဒေါက်တာချိုထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**

အောင်လံကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စေတနာဖြိုးသွေးလှူရှင်များအား ဂုဏ်ပြု

ရန်ကုန် ဇန်နဝါရီ ၉

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စေတနာဖြိုး သွေးလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် မွန်းလွဲ၁နာရီခွဲက အောင်လံမြို့နယ် အောင်မြေရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ သရက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** အောင်လံမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဦးလှဝင်းနှင့် အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစန်းလွင်တို့က ဂုဏ်ပြုပွဲအခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား ကြသည်။ ယင်းနောက် အလှူရှင် ၅၇ ဦးတို့က အလှူငွေကျပ်၉၃၉၅၀၀ကို ပေးအပ်လှူဒါန်းကြပြီး တာဝန်ရှိသူတစ်ဦးက (၇၇)ကြိမ်မြောက် သွေးလှူရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုအရာခံဗိုလ်မျိုးညွန့်အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ အောင်လံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံနိုင်ရေးအတွက် အောင်လံမြို့ စက်ရုံရပ်ကွက် ပြည်လမ်းနေ ဦးကံထွန်း-ဒေါ်ကြင်ဥ (UKT)မိသားစုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပညာရေးပဒေသာပင်စိုက်ထူနိုင်ရန်အတွက် အလှူငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် သွေးလှူရှင် ၃၉၁ဦးအား ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ သုခကာရီ မွန်စုလမ်း ကတ္တရာ လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (တိုင်းစည်ပင်)

မော်လမြိုင်မြို့ အထက (၄) မြတ်ဆရာပူဇော်

မော်လမြိုင် ဇန်နဝါရီ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (ယခင်ဝိခ်စ်အထက်တန်းကျောင်း)မှ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ၂၄ရက်က မော်လမြိုင် အထက (၄) ပွင့်ဦးမာလာခန်းမတွင် ကျင်းပသည်။

ယင်းနောက်အပူဇော်ခံ (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီး ၁၃၅ဦးအနက် အသက် ၉၀ကျော် ဆရာကြီး၊ ဆရာမကြီးနှစ်ဦးအား ငွေကျပ်တစ်သိန်းခွဲ၊ အသက် ၈၀အထက် ဆရာကြီး ဆရာမကြီး သုံးဦးအား ငွေကျပ်တစ်သိန်းနှစ်သောင်း၊ အသက် ၇၅နှစ်အထက် ဆရာကြီး၊ ဆရာမကြီးတို့အား ငွေကျပ်ရှစ်သောင်း၊ အသက် ၆၀အထက်၊ အသက် ၅၀အထက် လုပ်သက်နှစ်၃၀ပြည့်နှင့် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများအား ပစ္စည်းနှင့် လှူဒါန်းငွေကျပ်သိန်းရှစ်ဆယ်ကျော် ခွဲဝေပူဇော်လှူဒါန်းခဲ့ကြသည်။ **(၁၆၈)**

ကတ္တရာထပ်ပိုးလွှာခင်း

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့ မြောက်ဘက်တန်းလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၁၇ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မအူပင်(တောင်)အစမ်းတွင်း သတ်မှတ်ရက်အတွင်း ပြီးစီးရေးဆောင်ရွက် သဘာဝဓာတ်ငွေ့ အလားအလာကောင်းသည့်ဒေသများ သေချာစွာလေ့လာ တွင်းသစ်များ အမြန်ဆုံးတူးဖော်၊ အထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်း ညောင်တုန်းဒေသရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးရာ ရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးမြင့်ကျော်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ တွင်းသစ်အမှတ်(၃၇)ကို အောင်မြင်စွာတူးဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၃ ✳

တွင်းသစ် အမှတ်(၃၇) စစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၃၇)ကို စစ်ဆေးစဉ်။ (စွမ်းအင်)



နေပြည်တော် မိုးလေဝသ အခြေအနေ ၁၀-၁-၂၀၀၇

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် စက်များကြွခိုင်ရေး အလေးထားလုပ်ကိုင် ကုန်ထုတ်စွမ်းအား ပိုမိုထုတ်လုပ်နိုင်ရေး ဓာတ်အားအပြည့်အဝရရှိအောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ရွှေတောင်မြို့နယ်ရှိ ပြည်ဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ(ရွှေတောင်)သို့ ရောက်ရှိပြီး စက်ရုံ၏ Control Roomခန်းမ၌ စက်ရုံမှူး ဦးခင်မောင်မြင့်က ရွှေတောင်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားပို့လွှတ်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်စွမ်းအားပြည့်လည်ပတ်နိုင်ရန် စက်များ၏ကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး Switch Yard အတွင်း လျှပ်စစ်ဓာတ်အား အဝင်အထွက်လိုင်းများကို ကြည့်ရှုစစ်ဆေးကာ 230 KV တောင်ငူ–ရွှေတောင် မဟာဓာတ်အားလိုင်းလမ်းကြောင်း ဆက်သွယ်ဆောင်ရွက်မည့် အခြေအနေများ၊ 230 KV ရွှေတောင်–ဥသျှစ်ပင် ဓာတ်အားလိုင်းဆက်သွယ်ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အမြန်ဆုံးတည်ဆောက်

ယင်းနောက် ဝန်ကြီးက မဟာဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ဆုံးတည်ဆောက်နိုင်ရေး၊ လက်ရှိမဟာဓာတ်အားလိုင်း ကွန်ရက်စနစ်ဖြင့် ပူးပေါင်း၍ ဓာတ်အားပို့လွှတ်ခြင်း၊ လက်ခံခြင်းနှင့် ထပ်မံတည်ဆောက်ဖြစ်ထွန်းလာမည့် မဟာဓာတ်အားလိုင်းများနှင့်လည်းယှဉ်တွဲ၍ ဓာတ်အားလက်ခံပို့လွှတ်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း အောင်လံမြို့နယ် ကျောက်စွယ်ကျိုးကျေးရွာအနီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၁) သံမဏိစက်ရုံ(ကျောက်စွယ်ကျိုး)သို့ရောက်ရှိရာ စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမှူးဒုတိယဗိုလ်မှူးကြီးမောင်မောင်ကြည်က စက်ရုံ၏လျှပ်စစ်ဓာတ်အားလက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကိုလည်းကောင်း၊ မကွေးတိုင်း လျှပ်စစ်အင်ဂျင်နီယာ

စာမျက်နှာ ၈ ကော်လံ ၁ ■

မြန်မာ့အလင်း

အင်တာနက် သတင်းနှင့်ဓာတ်ပုံအညွှန်း

လူတို့အနေဖြင့် လက်ဖက်ရည်ကြမ်း ရိုးရိုးသာ သောက်သုံးသင့်။

အင်တာနက် သတင်းနှင့် ဓာတ်ပုံ (စာ-၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး